ဒေါ်တင်ကြူးရွာ

ဒီမောဆိုးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒေါ်တင်ကြူးရွာ၊ ဒီမောဆိုးမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ဒေါ်တံငူးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဒီမောဆိုးမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ၁၉
ကျသော ချိတ်ဆက်မှုများ

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၄
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေ ကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၂
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၉

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၈၀
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဒေါ်တံငူးကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒီမောဆိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများကစီစဉ် ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက် အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါ မည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဒီမောဆိုးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒီမေားဆိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရ

ဌာနများ၏ အကြံပြုချက်များ၊ ကယားပြည် နယ်အဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒေါ်တံငူးကျေးရွာ

ဒီမောဆိုးမြို့နယ်

ဒေါ့တံဂူးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဒီမောဆိုးမြို့နယ်



ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက် အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိ ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိ အောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြ ထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်း ကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အ စည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့် ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအ ဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအ

ဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာ နိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစား ချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည် ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(၈) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ ကယားပြည်နည်သည် မြန်မာပြည်၏ အရှေ့တောင်ဘက်အကျ ဆုံးပြည်နယ်ကြီး တစ်ခုဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၀၀၀ ကျော်တွင်ရှိပြီး မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် မန္တလေးတိုင်းတို့နှင့် နယ်နိ မိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ ဒီမောဆိုးမြို့သည် ကယားပြည်နယ်ကြီး၏အလယ်ပိုင်းတွင်တည်ရှိပြီး လွိုင်ကော်မြို့နှင့် ထိစပ်လျှက် ရှိပြီး (နေပြည်တော်၊ လွိုင်ကော်)၊ (တောင်ကြီး/အောင်ပန်း၊ လွိုင်ကော်) ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။

ဒေါ့တံဂူးကျေးရွာသည် ဒေါကလော်ဒူကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကယားပြည်နယ်မြို့တော် လွိုင်ကောင်မြို့မှ (၂၁.၆) ကီလိုမီတာနှင့် ဒီမောဆိုးမြို့မှ (၅) ကီလိုမီတာ ကွာဝေးပါသည်။ ဒီမောဆိုး မြို့နယ်၏ (၂၀၁၄) ခုနှစ် အတွင်း မိုးရွာ ရက် ပေါင်း (၁၃၉) ရက် နှင့် မိုးရေချိန်မှာ (၂၀၇.၁၃) လက် မအထိ ဖြစ်ပါသည်။

ဒီမောဆိုးမြို့နယ်သည် ဒွေးမယ်နော်ကန်တော် ခုနစ်ဆင့်၊ ငွေတောင်ဆည်တို့နှင့်နီးပြီး မြေပြန့် လယ်ယာများပါဝင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။ ဒေါ့တံဂူးကျေးရွာသည် ပထဝီဝင်အနေ အထားအရ မြေပြန့်အနေအထားတွင် တည်ရှိပါသည်။ ဒီမောဆိုးနှင့် ကျောက်ခင်းလမ်းဖြင့် ဆက် သွယ်ထားပြီး လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းသည်။ ဒေါ့တံဂူးကျေးရွာ၏ အဓိအ သက်မွေးဝမ်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုး လုပ်ငန်း နှင့် မွေးမြူရေးလုပ်ငန်း ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

ဒီမောဆိုးမြို့နယ်သည် သဘာဝသယံဇာတနှင့် ပတ်သက်၍ အနည်းငယ်ထွက်ရှိသော ဒေသ ဖြစ်သည်။ ဒေါ့တံဂူး ကျေးရွာတွင် ဆေးဖက်ဝင်အပင်များကို ရွာရှိတောတောင်များတွင် ရှာဖွေကာ စီးပွားဖြစ် ရှာဖွေကြသည်။ အိမ် ဆောက် သစ်မာနှင့်ထင်းရှားလာသည်။ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး အနေဖြင့် ကန့်သတ်နယ်မြေများရှိသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ဒေါ့တံဂူးကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၂၄ အိမ်နှင့် လူဦးရေပေါင်း (၅၅၇) ဦး (ကျား ၂၆၆+ မ ၂၉၁) ဦး ရှိသည်။ လူ ဦး ရေထူထပ်မှုမှာ တအိမ်ထောင် ပျမ်းမျှ (၄.၄၉) ဖြစ်ပြီး မိသားစု ပျမ်းမျှလူဦးရေ အနည်းငယ်နည်းသည်ကို တွေ့ရပါ သည်။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၄၈၀

ဦး (၈၆.၁%) ရှိပြီး မှီခိုသူဦးရေမှာ ၇၇ (၁၃.၈%) ရှိသည်။ အမျိုးသမီးအလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာလည်း အမျိုးသားလူဦးရေထက် ၂၀ ဦး (၄.၂%) ပိုများသည်ကို တွေ့ ရသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင် ဆုံး ဖြတ်သော ဓနဥစ္စာအဆင့်အနေအထား အရဆင်းရဲနှင့် ဆင်းရဲဆုံးအိမ်ထောင်စုမှာ စုစုပေါင်း (၆၂) အိမ် (၅၀%) ရှိသဖြင့် အများစုမှာ ဆင်းရဲသားများဖြစ်ကြသည်။ ကျန် ၆၂ အိမ် (၅၀%) မှာ အဆင်ပြေနှင့် အလယ်အလတ် တန်းစားမိသားစုများဖြစ်သည်။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက် ကရိယာ ပိုင်ဆိုင်မှုနှင့် တန္နစ်ဝင်ငွေမှာ အရေးပါသည်ကိုတွေ့ရသည်။ အဆင်ပြေသော မိသားစုများမှာ လယ်မြေအနည်းဆုံး ၅ ဧကအထက်နှင့် တန္နစ်ဝင်ငွေ သိန်း (၁၆) အထက်ရှိသော်လည်း ဆင်းရဲဆုံး မိသားစု များမှာ စိုက်ပျိုးမြေမရှိ၊ ပုံမှန် ဝင်ငွေမရှိကြပါ။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားမြေယာမဲ့နှင့် တောင်သူငယ်များဖြစ်သည်။ ကျေးရွာမိသားစု၏ ၂၄ အိမ်ထောင်စု ၁၉.၄% မှာ ကျန်လအကြွေးယူ လုပ်အား ခကြိုတင် ရောင်းချခြင်းဖြင့်ပြန်ဆပ်ကြ၊ ဖြေရှင်းကြသည်။ နေ့စားလုပ်အားခဖြင့်ပယ်စားကြပြီး တရက်စာ စားသောက်ကြသည်။ နပ်မှန်အောင်စားသုံးကြပြီး ထမင်းကိုသာ လျှော့စားကြသည်။ လုပ်ခဖြင့် ရသလောက်ပယ်ပြီး မျှစားကြသည်။ လုပ်အားကိုကြိုရောင်းပြီး ဆန်ဖြင့်လဲလှယ်စားသုံးကြသည်။ တောင်သူငယ်နှင့် ကျန်မြေယာမဲ့ ၈၀ ဦး (၆၄.၅%) မှာ ၃ လမှ ၅ လအထိ ဝမ်းစာဖူလုံမှုရှိကြပြီး ကျန်လများအတွက် သီးနှံရောင်းရငွေဖြင့် ရိက္ခာပယ်ယူကြသည်။ အကြွေးယူပြီး လုပ်အားခဖြင့်ပြန် ဆပ်ကြသည်။ ကျန်တောင်သူလတ် ၁၀ ဦး (၈.၁%) မှာ ကိုယ်ပိုင်လယ်ယာမှရရှိသည့်စပါးကို သိုလှောင်ထားကြပြီး ကျန်လများအတွက် ဆွေမျိုးမိတ်ဆွေ များထံမှ ချေးယူစားသုံး ကြရပြီး သီးနှံပေါ်ချိန်တွင် အမြန် ပြန်ဆပ်ကြရသည်။ ကျန် (၁၀) အိမ်မှာ ချေးငှါးခြင်းမပြုဘဲ ထမင်းပုံမှန်၊ နပ်မှန် စားသောက်နိုင်ကြသည်။

လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသားတောင်သူများ၊ ကျပန်း များသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့် ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများဖြစ်သည်။ သစ်တောကိစ္စပြဿနာ၊ ထင်းခိုးခုတ်ခြင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းတို့နှင့် ပါတ်သက်၍ နယ်စပ်ပြဿနာ၊ ဒေသ တွင်းပြဿနာဖြစ်တတ်သည်။ လူငယ်နှင့်အမျိုးသမီးများ ပွဲလမ်းသဘင်သွားခြိန်တွင် တရွာနှင့်တရွာ ခိုက်ရန် ဖြစ်ပွားမှုများရှိတတ်သည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ဒေါ့တံဂူးကျေးရွာသည် ယားနာ၊ တုတ်ကွေးဖျား၊ ငှက်ဖျားရောဂါ၊ သွေးတိုး၊ တီဘီ၊ ကာလဝမ်းရောဂါများ အဖြစ်များနေပါသည်။ ယားနာဖြစ်ပွားမှု အဖြစ်များသည် ရေသန့်ရှင်းမှုမရှိ။ ပိုးသတ်ဆေးစနစ်တကျသုံးစွဲမှု မရှိသောကြောင့် မျက်စိမှုန်များလာသည်။ တီဘီရောဂါဖြစ်ပွားသူများ ကုသမှုမရှိ။ ကျေးရွာတွင် သားဖွါးဆရာမ နှင့် ဆေးခန်းရှိသော်လည်း ဆေးဝါး ပရိဘောဂပစည်းလုံလောက် မှုမရှိ။ လက်ရှိ အဆောက်အဦးမှာ (၁၈×၁၂×၇.၅) ပေ အရွယ် ပျဉ်ခင်း၊ပျဉ်ကာ၊သွပ်မိုးဖြစ်ပြီး ပျက်စီးနေသည်။ အရေးပေါ် ဖြစ်ပါက ဒီမောဆိုးသို့ သွားကြသည်။ တခါတရံ လွိုင်ကော်သို့ သွား ရောက် ဆေးကုကြရသည်။ ဒေါ့တံဂူးကျေးရွာတွင် သောက်ရေအဖြစ် ရေတွင်း (၅၀) တွင်းနှင့် အဝီစိတွင်း ၁ တွင်းကို အားထား အသုံးပြု နေကြရပြီး မိုးရာသီတွင် ရေပေါများသော်လည်း

နွေရာသီတွင် ရေတွင်းများ ရေခမ်းသဖြင့် သောက်ရေ အခက်အခဲရှိပါသည်။ စိမ့်စမ်းရေကို သွယ်ယူထားသော်လည်း သောက်ရေ လုံလောက်မှုမရှိပါ။ ယခုလက်ရှိ စိမ့်စမ်းရေသွယ်တန်းထားသော ရေပိုက်သည်ရေမလာသောကြောင့်ပြောင်းလဲသွယ်ယူရန်လိုအပ်သည်။ ဒေါတမြေး ဘက်မှ သွယ်ယူမည်ဆိုပါက (၁၉၉၆၅၀)ပေသွယ်တန်းရန်လိုအပ်နေသည်။ ယခင်ပိုက်အဟောင်များကို ပြန်သုံးပါ က (ပေ ၉၀၀၀ကျော်) လိုအပ်သည်။ ရွာအတွင်း စုပေါင်းရေလှောင်ကန် ၂ ခုမှာ ရေတလျှောက်မလုံလောက်၍ ရေကန်တွင်ရေရရှိမှုနည်းသောကြောင့် လုံလောက်အောင်တပ်ဆင်သင့်သည်။ ယင်လုံအိမ်သာ တရွာ လုံးနီးပါး အသုံးပြုကြသည်။ အချို့ မှာ ၂ အိမ်ထောင် စုပေါင်းအသုံးပြုကြသည်။

(ဇ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဒေါ့တံငူးကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းပညာရေး ပြီးဆုံးသူ (၄) ဦး၊ မူလတန်း(၁၅၂) ဦး၊ အလယ်တန်း (၁၅၇) ဦး၊ အထက်တန်း (၉၀) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၂၀) ဦး ရှိပါ သည်။ လက်ရှိတွင် တက္ကသိုလ်တက်ရောက်နေသူ ၁၉ ဦးရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် အားရကျေနပ်စရာ ဖြစ်ပါ သည်။

ကျေးရွာ၏ ကျွမ်းကျင်မှုနှင့် အဓိက ဝင်ငွေတိုးလုပ်ငန်းများမှာ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံ၊ ရိုးရာ ယက္ကန်း၊ စက်ချုပ်၊ ဆန်စက်၊ အိမ်ဈေးဆိုင်နှင့် ကားမောင်းလုပ်ငန်းများ စသည်တို့ဖြစ်ကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ဒေါ့တံငူးကျေးရွာတွင် အမျိုးသားဦးရေ ၂၆၆ ဦးနှင့် အမျိုးသမီးဦးရေမှာ ၂၉၁ ဦးရှိသည်။ အမျိုးသမီးလုပ်သားဦးရေမှာ အမျိုးသားလုပ်အားထက် ၂၀ ဦး (၄.၂) ရာခိုင်နှုန်းခန့် ပိုမိုပါသည်။ အမျိုး သမီးတစ်ဦးလျှင် လုပ်အားခအဖြစ် တစ်နေ့ လျှင် (၃,၀၀၀) ကျပ်နှင့် အမျိုးသား တစ်ဦးလျှင် (၄,၀၀၀) ကျပ် ရရှိကြပါသည်။

ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေး အဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများဖွဲ့စည်းရာတွင်မူ ကော်မတီကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ အဓိကပါဝင်ဖွဲ့စည်းထားပြီး အမျိုးသမီးများ ပါဝင် ခွင့်ရမှု နည်းကြသည်။ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်း ကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာအထောက် အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ဒေါ်တံငူးကျေးရွာအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းဟူ၍ သီးသန့် ဖွဲ့စည်းထားခြင်းမရှိသော်လည်း ကျေးရွာ၏လိုအပ်ချက်အရအဖွဲ့ ၇ ဖွဲ့ကို ဖွဲ့စည်းထားကြပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ ကြီးကြပ်မှုကော်မတီ၊ ဘာသာရေးဂေါပကအဖွဲ့၊ ကျောင်းကော်မတီ၊ ကျောင်းအကျိုးတော်ဆောင်၊ ကျန်းမာရေးကော်မတီစသည် သက်ဆိုင်သောကိစ္စရပ်များအတွက် ရည်ရွယ်ဖွဲ့စည်းထားခဲ့သော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းသည့်အပြင် ကျေးရွာနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် စနစ်တကျ ဆောင်ရွက်တတ်သည့် အလေ့အထများကို ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။ ၎င်းအပြင် မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေး၊ ကျန်းမာရေး)၊ နိုင်ငံတကာအဖွဲ့အစည်းများ ကဲ့မြန်မာ၊ စိုက်ပျိုးရေးဘဏ်၊ သမဝါ ယမအဖွဲ့နှင့်ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက်ပြင်ပအကူ အညီများကိုရရှိခဲ့ပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ** ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤ ကော်မတီသည်လုပ်ငန်း ကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပုံမှန်အစည်းအဝေး ပြုလုပ်၍ အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်းစသည့်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ဒေါ်တံငူးကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်သူ အိမ်ထောင်စုသည် (၁၂၀) အိမ်ထောင်စုမှ ပိုင်ဆိုင်ကြသော်လည်း အနည်းငယ်စီသာ ပိုင်ဆိုင်ကြသည်။ လယ်စပါးစိုက်ပျိုးခြင်းကို အဓိကထား လုပ်ကိုင်ပြီး၊ ကိုယ်ပိုင်စားသုံးရန်အတွက် အိမ်ဘေးဟင်းသီးဟင်းရွက်တို့ကိုလည်း စိုက်ပျိုးပါ သည်။ စိုက်ပျိုးမြေမှာ လယ်(၃၈၇) ဧက နှင့် ယာမြေ (၃၆၅) ဧက၊ အိမ်ခြံဝင်းစိုက်ခင်း ( ) ဧက၊ ရွှေပြောင်းတောင်ယာ (၅၀) ဧက၊ သစ်တောမြေ ၅၀၀ ဧက၊ စုစုပေါင်း ၁၃၀၂ ဧကရှိ၍ တောင်သူလုပ်ငန်းအတွက်လိုအပ်သော လုပ်အားအနေဖြင့် မြေယာမဲ့ကျပန်းနှင့်တောင်သူငယ်များကို မှီခိုအားထားရပါသည်။

မွေးမြူရေးကို အိမ်တိုင်းမွေးမြူကြပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်ကြသည်။ မွေးမြူရေးသီးသန့်လုပ် ကိုင် သူ ၄ အိမ် (၃.၂%) ရှိပြီး စိုက်ပျိုးရေးတွဲဖက်လုပ်ကိုင်သူ ၁၁၉ အိမ် ၉၆% နှင့် စိုက်ပျိုးရေးသီးသန့် (၁ အိမ် - ၀.၈%) ရှိသည်။ ဈေးကွက်အတွက် လွတ်လပ်စွာရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျ

ရောက်သောရောဂါများကို ကာကွယ်နိုင်ခြင်း၊ နည်းပညာ ဝန်ဆောင်မှု မရရှိသောကြောင့် မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူလေ့ မရှိကြပါ။ အစိုးရဌာနနှင့် အဖွဲ့အစည်း များ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေး တောင်သူများထုတ်လုပ်မှုနည်းပြီး အမြတ်အစွန်းလည်း နည်းသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာအတွင်းရှိ စိုက်ပျိုးမွေး မြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများအဖြစ် ကျပန်းမြေယာမဲ့လုပ်သားများသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအလုပ်လုပ်ခြင်း၊ ပန်းရံ၊ လက်သမားလုပ်ကိုင်ခြင်း၊ စက်ချုပ်၊ ဆန်စက်၊ ရိုးရာယက္ကန်း၊ သယ်ယူပို့ ဆောင်ရေး၊ လွှဆွဲ၊ အင်နှက်ျိအိုဝန်ထမ်း၊ အိမ်စေျးဆိုင်ငယ်များရောင်းခြင်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းအရေအတွက် ၇၅ ခု ရှိပြီး အလုပ်သမားလုပ်ကိုင်သူ ၆၃ ဦးရှိသည်။ ပန်းရံ၊ လက်သမား ကျွမ်းကျင်သူ (၁၀) ဦး ရှိသော်လည်း အလုပ်အကိုင် အမြဲမရှိကြဘဲ ပုံမှန်ဝင်ငွေ မရကြပါ။ နေ့စားအ လုပ်ကြမ်း လုပ်သားအိမ်ထောင်စု (၃၀) မှာ အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန် မရှိသလို။ စားဝတ်နေရေး ပြေလည်မှုမရှိကြပေ။ ကျပန်းနှင့် တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်းသည်၊ အဓိက လုပ်ငန်းဖြစ်သော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို တွဲဖက် လုပ် ကိုင် ခြင်းဖြင့် စားဝတ်နေရေးကိုဖြေရှင်းကြသည်။ လယ်ယာစိုက်ချိန်ရိတ်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ အကြွေးယူ (သို့မဟုတ်) လုပ် အားကြိုရောင်းခြင်း စားဝတ်နေရေးကိုဖြေရှင်းရသည်။ နေ့စားခမှာ တနေ့လျှင် (၃,၀၀၀-၄,၀၀၀) ကျပ်ဖြစ်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ဆေးဖက်ဝင်အပင်များကို ရွာရှိတောတောင် များတွင်ရှာဖွေကာ စီးပွားဖြစ် ရှာဖွေကြသည်။ အိမ်ဆောက် သစ်မာနှင့် ထင်းရှားလာသည်။ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအနေဖြင့် ကန့်သတ်နယ်မြေများရှိသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယိုနားထောင်ခြင်း၊ တီဗွီကြည့်ခြင်းတို့မှ သိရှိရပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မီးဘေးကာကွယ်ရန် မီးသတ်အဖွဲ့ ဖွဲ့စည်းပြီး နွေရာသီတွင် မီးကင်းလှည့်ခြင်း၊ မီးကြွင်းမီးကျန်စစ် ဆေးခြင်းစသည်တို့ကို ပြုလုပ်ကြသည်။ အခြားမည်သည့်ဌာနကမှ သင်တန်းပေးခြင်းကြိုတင် စီမံပေးခြင်းများမရှိပါ။ ဗဟုသုတလည်း နည်းကြသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် မိုးစပါးစိုက်ပျိုးရေးအတွက် ပုံစံ ၇ ရှိသူများသာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးငွေကို ထုတ်ချေးနိုင်ကြသည်။ ကဲမြန်မာ ငွေစုငွေချေးအဖွဲ့မှလည်း အဖွဲ့ဝင်များအတွက်ငွေချေးပေးသည်။ အခြားလိုအပ်သော ငွေကြေးကို မိဘဆွေမျိုးများထံမှ ချေးယူကြပြီး အရေးပေါ်လိုအပ်ပါက လွိုင်ကော်နှင်မိုးဗြဲမြို့တို့ရှိ အပေါင်ဆိုင်များသို့ ရွှေထည်ကဲ့သို့ အပေါင်ပစ္စည်းဖြင့်သွားရောက်၍ ချေးယူရပြီး အတိုးနှုန်းမှာလည်း ၃%–၄% ရှိသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဒေါ်တံငူးကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အစိုးရခန့် ဆရာ/ဆရမ-၆ ယောက်မှ ပညာသင်ကြားလျှက်ရှိပါသည်။ ကျောင်းသားဦးရေ ၃၂ ယောက်ရှိသဖြင့် ဆရာအင်အားလုံလောက်မှုရှိ

သည်။ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားဦးရေ သိသိသာသာ လျော့နည်းရခြင်းမှာ အလယ်တန်းနှင့် အထက်တန်းကို ငွေတောင်ကျေးရွာနှင့် အချို့မှာ ဒီမောဆိုးသို့ သွားရောက်တက်ကြသည်။

ကျန်းမာရေးကဏ္ဍ အတွက် ကျေးရွာတွင် ကျေးရွာအုပ်စုဆေးခန်းနှင့် သားဖွားဆရာမရှိသော်လည်း ဝန်ဆောင်မှုမှာ လုံလောက်မှုမရှိသေးပါ။ ဆေးဆိုင်နှင့်ဆေးရုံမှာ ဒီမောဆိုးနှင့် လွိုင်ကော်တွင် သာရှိပြီးရွာနှင့် ဒီမောဆိုးသို့ ၄.၈ ကီလိုမီတာ၊ လွိုင်ကော်သို့ ၂၁.၆ ကီလိုမီတာဝေးသည်။ တစ်ရွာလုံးအတွက် **သောက်သုံးရေ**ကို ရေတွင်းများမှရရှိပါသည်။ နွေရာသီ ရေတွင်းများ ရေခမ်းသဖြင့် သောက်ရေလုံလောက်မှုမရှိပါ။ ကျေးရွာအတွင်းတွင် **ယင်လုံအိမ်သာ** သုံးစွဲသော အိမ်ထောင်စု (၁၁၇) အိမ်၊ ယင်လုံအိမ်သာ တရွာလုံးနီးပါး အသုံးပြုကြသည်။ အချို့ မှာ ၂ အိမ်ထောင် စုပေါင်းအ သုံးပြုကြသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များသည် ရိုးရာထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးရေးပါဝင်ဆောင်ရွက်မှု အားကောင်းသည်။ အသိပညာစွမ်းရည်မြှင့်ပါက ပိုမိုကောင်းနိုင်သည်။ ယခုလက်ရှိတွင် လူငယ်ရန်ပုံငွေဖြင့် လူငယ်ရိပ်သာတည်ဆောက်ထားပြီး အပြီးသတ်ရန်လိုအပ်နေသည်။ ယင်းလူငယ်ရိပ်သာသည် လူငယ်များအပန်းဖြေရန် အားကစားပြုလုပ်ရန်၊ လူငယ်အဖွဲ့ပိုင်ပစ္စည်းများထိန်းသိမ်းရန်နှင့် အစည်းအဝေးပြုလုပ်ရန် ရည်ရွယ်ထား ခြင်းဖြစ်သည်။

(ဇ) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

တံတား (၄) စင်းပျက်စီးနေပြီး ပြုပြင်နိုင်ပါက ကုန်ထုတ်လုပ်ငန်းအတွက် အကျိုးရှိမည်။ ဆိုင်ကယ်အစီး (၁၀၄)၊ ထော်လာကျီ ၁၃ စင်းနှင့် နွားလှည်း ၅ စီးရှိသည်။ သယ်ယူပို့ဆောင်ရေးဆိုင်ကယ်ကိုသာ အဓိကအားထားရသည်။ လယ်ယာထွက်ကုန်နှင့် ကုန်မာများကို ထော်လာကျီနှင့် မြို့သို့သယ်ပို့ကြသည်။ လယ်ယာထွက်ကုန်များကို ရွာသို့ နွားလှည်းနှင့်သယ်ယူကြသည်။ ကျေးရွာတွင် **ဆိုလာ**ကို ၈၂ အိမ်ထောင်မှ အသုံးပြု နေ ကြသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း (၁၀၈) လုံး၊ ရေဒီယို (၁၆) လုံး၊ ခေါက်တီဗွီ (၄၁) လုံးရှိသည်။ ကျေးရွာတွင် အိမ်ထောင်စုများများ ဖုန်းသုံးနိုင်ပြီး ဆက်သွယ်ရေးကောင်းမွန်သည်။ လူငယ်များ အင်တာနက် လက်လှမ်းမှီသည်။ သို့သော် သတင်းနှင့်နည်းပညာ လေ့လာမှုအားနည်းသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

မြန်မာ့ဆက်သွယ်ရေး၊ တယ်လီနောဆက်သွယ်ရေးကောင်းသည်။ ဂန်ထမ်းများသာ အသက်အာမခံထားကြ သည်။ ရဲစခန်းနှင့် အဆက်အသွယ်ပြုမှုအားနည်းသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဒေါ်တဒါးကျေးရွာတွင် ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာ ကျား (၂၃၀) ဦးနှင့် မ(၂၅၀) ဦး၊ စုစုပေါင်း (၄၈၀) ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၈၆.၁%) ရှိပါသည်။ လက်ရှိ

အထက်တန်း ပညာ တက် ရောက် သင်ကြားနေသူ (၁၀) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၁၉) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၂၀) ဦး စသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ်ဦးရေများပြားလာသော ကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်း အမြစ်များ ရှိနေပါသည်။ ကျေးရွာတွင် လက်ရှိ လူမှုရေးအဖွဲ့ ၇ ဖွဲ့ရှိနေပြီး မိမိတို့ ကျေးရွာအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေသည်မှာ လည်းအားရဖွယ်ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုနှင့် ပါတ်သက်၍ ကျေးရွာတွင် လယ် ၃၈၇ ဧက၊ ယာမြေ ၃၆၅ ဧက၊ အိမ်ခြံဝင်းစိုက်ခင်း ( ) ဧက၊ ရွှေပြောင်းတောင်ယာ ၉၅၀ ဧက ရှိပြီးမြေဩ အသင့်အတင့်ကောင်း သည်။ ၃၀၀ ဧကခန့်မှာ ကန်အမှတ် ၁ နှင့် ၂ မှ သွင်းရေ ရရှိပြီး မိုးစပါး စိုက်ပျိုးကြသော်လည်း မိုးခေါင်သဖြင့် စိုက်ပျိုးရေလုံလောက်စွာ မရနိုင်ပါ။ ကျန် ၈၇ ဧကမှာ မိုးကောင်းသောက်လယ်များ ဖြစ်သည်။ မိုးစပါးအတွက် စိုက်ဘဏ်မှ တဧက တစ်သိန်းနှုန်းနှင့် အများဆုံး ၁၀ ဧကအထိ ထုတ်ချေး ပေးသည်။ ဒီမောဆိုးနှင့်မြို့တော်လွိုင်ကော်နှင့်နီးပြီး ဈေးကွက်အလုံအလောက်ရှိသည်။ လမ်းပန်း ဆက်သွယ်ရေးအသင့်အတင့်ကောင်းသည်။ စိုက်ပျိုးရေးထွက်ကုန်နှင့် သွင်းအားစုများကို အလွယ်တ ကူရောင်းနိုင်၊ ဝယ်နိုင်သည်။ နည်းပညာဝန်ဆောင်မှုများကိုလည်းမြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး ကုမ္ပဏီများ၊ ဖွံ့ဖြိုးရေးအဖွဲ့များထံမှရရှိနိုင်သည်။ မျိုးကောင်းမျိုးသန့်များကိုလည်း စိုက်ပျိုးရေး ဌာနနှင့် ချိတ်ဆက်ဝယ်ယူနိုင်သည်။ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျရောင်းချသော ကုမ္ပဏီများလည်း ဒေသအတွင်းရှိသည်။ ရွှေပြောင်းတောင်ယာများတွင် ပြောင်းကို အဓိကစိုက်ပျိုး ကြပြီး မြေပဲကိုလည်း အနည်းငယ် စိုက်ပျိုး ကြသည်။ စပါးနှင့် ပြောင်းဖူးကို အဓိကစိုက်ပျိုး ကြပြီး ဟင်းသီး/ရွက်များများကိုလည်း ကိုယ်ပိုင်စားသုံးရန်အတွက် စိုက်ပျိုးကြသည်။ သီးနှံကို ဒီမောဆိုး (၅) ရက်တစ်ဈေးသို့ သွားရောက် ရောင်းကြရသည်။ အရေးပေါ် ငွေလိုအပ်ပါက ဆွေမျိုး၊ မိတ်ဆွေများ ထံမှ ချေးယူကြရသည်။

ကျေးရွာနှင့်လယ်ပတ်ဝန်းကျင်တွင်လွတ်ကျောင်းနိုင်ပြီး လယ်စပါးမှ ရရှိသောကောက်ရိုး များနှင့် အစာစိမ်းများပေါများသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အိမ်ခြံဝင်းရှိသည်။ စားကျက်မြေ သီးသန့် မရှိသော်လည်း ၃ မိုင်ဝေး သောနေရာတွင် လွတ်ကျောင်းရန် နေရာများရှိပါသည်။ ကောက်ရိုးများလည်းအလွန်ပေါပါသည်။ဈေး ကွက်နှင့်နီးသည်။ ဈေးကွက်ကောင်းပြီး အလုံအ လောက်ရှိသည်။ သွင်းအားစုများကိုလည်း ဒေသအတွင်း အလွယ်တကူ ဝယ်ယူရရှိနိုင် ပါသည်။ ကျွဲ၊ နွားများကိုလယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြပြီး ကြက်နှင့် ဂက်များကို မိသားစုစားသုံးရန်နှင့် မိသားစု ဝင်ငွေရရန်အတွက် မွေးမြူကြသည်။

စိုက်ပျိုး/ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစု များအတွက် ရိုးရာယက်ကန်းတိုးချဲ့နိုင်သည်။ စက်ချုပ်၊ လက်သမား၊ ပန်းရံ၊ ယဉ်မောင်း၊ သစ်လွှဆွဲ စသည် ကျွမ်းကျင်သူများရှိသည်။ မိမိတို့ဒေသတွင်းပင် လုပ်ကိုင်လိုစိတ်ရှိကြသည့် လူငယ်များရှိ နေခြင်းကလည်း ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အင်အားတစ်ခုပင်ဖြစ်သည်။ ကျေးရွာတွင် စီးပွါးရေးလုပ်ငန်း (၇၅) ခုရှိသည်။ လက်သမားပန်းရံ ၁၀ ဦး၊ အိမ်ဈေးဆိုင် ၁၃ ခု၊ သယ်ယူပို့ဆောင်ရေး ၁၁ ဦး၊ စက်ချုပ်သူ ၁၆ ဦး၊ ဆန်စက် ၁ ခု၊ ရိုးရာယက္ကန်း ၇ ခု၊ ဝါးထရံယက်

လုပ်သူ ၂၀ ဦး၊ ဟင်းရွက်ခူးရောင်းသူ ၇ ဦး ဖြစ်သည်။ ဝန်ထမ်းနှင့် အလုပ်သမားလုပ်ကိုင်သူ (၆၃) ဦးရှိသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျို-အပျိုအဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှု ရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိအိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်သည်။

(ခ) အဟန့် အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဒေါ်တံငူးကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှု အဖွဲ့များနှင့်အလှမ်းဝေးခြင်းစသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

ဒေါ်တံငူးကျေးရွာ သီးနှံထုတ်လုပ်မှု နည်းနေရခြင်းမှာ စိုက်ပျိုးရေလုံလောက်မှုမရှိ။ နည်းပညာ၊ ဗဟုသုတအားနည်းသေးသည်။ မိုးစပါးတမျိုးတည်းကိုသာ စိုက်ပျိုးကြပြီးမိုးခေါင်၊ မိုးနောက်ကျပြီး ဆည်ရေမရပါက အချိန်မီစိုက်ပျိုးနိုင်ခြင်းမရှိပါ။ စိုက်ချိန်နောက်ကျသဖြင့် စိုက်ပျိုး ချိန်တွင် အချိန်လုစိုက်ပျိုးကြရသဖြင့် လုပ်သားအင်အားမလုံလောက်ခြင်း၊ စက်ကရိယာလုံလောက်မှု မရှိခြင်းတို့ကြုံရသည်။ စိုက်ဘဏ်မှငွေချေးသော်လည်း ချေးငွေနောက်ကျခြင်းနှင့် လုံလောက်မှုမရှိသောကြောင့် လိုအပ်သောသွင်းအားစုများကို အချိန်မီ အသုံးပြုနိုင်ခြင်းမရှိ။ အလုံအလောက်လည်း အသုံးပြုနိုင်ခြင်းမရှိပါ။ ဖျက်ပိုးရောဂါများ ပြင်းထန်ဆိုးရွားစွာကျရောက်မှုရှိပြီး ထိရောက်စွာ နှိမ်နှင်းနိုင်ခြင်းမရှိပါ။ မြန်မာ့စိုက်ပျိုးရေးဌာနမှ နည်းပညာဝန်ဆောင်မှုပေးသော်လည်း လုံလောက်မှုမရှိသေးပါ။

မွေးမြူကုသရေးဆိုင်ရာ ဝန်ဆောင်မှုမရှိ။ တိရစ္ဆာန် ရောဂါကာကွယ်ကုသရေး နည်းပညာဝန်ဆောင်မှုများ မရရှိ၍ ဆုံးရှုံးမှုများရှိပါသည်။ အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ မွေးမြူရန် အဆက်အသွယ်မရှိ။ လက်လှမ်းမမီကြပါ။ မွေးမြူရေးတိုးချဲ့မွေးမြူရန် ချေးငွေနှင့် ထုတ်ကုန်များအတွက် ဈေးကွက်ဖွံ့ဖြိုးမှုလည်း မရှိသေးပါ။ ဆေးကုသစရိတ်လည်းမြင့်သည်။ အစာစရိတ်မြင့်သည်။ မိမိခြံထွက် တိရစ္ဆာန်များအား လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်မှု ခံရခြင်းတို့ကြောင့် မွေးမြူရေးကဏ္ဍတိုးတက်လာစေရန်အတွက် လိုအပ်ချက်များ ရှိနေပါသည်။

ကျေးရွာတွင် လုပ်အားများစွာရှိပြီး ပုံမှန် အလုပ်အကိုင်မရှိ။ အရင်းအနှီးမရှိ။ ငွေကြေးအရင်းအနှီးမရှိ။ ဝင်ငွေ တိုးလုပ်ငန်းများအတွက် အစိုးရမူဝါဒအားနည်းသည်။ အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှုမရှိ။ သင်တန်းတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်၊ အဆက်အသွယ်မရှိကြပါ။ အဆက်အသွယ်မရှိ။ ဈေးကွက်နှင့် နီးပြီး လမ်းပန်းဆက်သွယ်မှုအသင့်အတင့်ကောင်းသော်လည်း ဈေးကွက်ချိတ်ဆက်မှုမရှိ။ ပုံမှန်သွားလာသည့် သယ်ယူပို့ဆောင်ရေးယဉ်မရှိပါ။ သတင်းအချက်အ

လက်ရရှိနိုင်မှု အားနည်းသည်။ အလုပ်အကိုင်အခွင့် အလမ်းနှင့် အဆက်အသွယ်အားနည်းသည်။ လက်သမား၊ ပန်းရံစသည် လက်ရှိကျွမ်းကျင်မှုများရှိသော်လည်း အရင်းအနှီး လုံလောက်မှုမ ရှိသကဲ့သို့ အခြေခံသက်မွေးပညာကျွမ်းကျင်မှုများသည်လည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် အရေးပေါ်ဖြစ်ပါက ဒီမောဆိုးသို့ သွားကြရသည်။ သောက်ရေလုံ လောက်မှုမရှိကြပါ။ ယင်လုံအိမ်သာကိုလည်း စနစ်တကျသုံးစွဲနိုင်မှုနှင့် ကျန်းမာရေးဆိုင်ရာဗ ဟုသုတများလည်း အားနည်းနေသေးသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ အသက်မွေးအတတ်ပညာလည်းအားနည်းပြီး အလုပ်အကိုင်အခွင့်အလမ်း အားနည်းသည်။ လူငယ်များအနေနှင့် သတင်းအချက်အလက်၊ ဗဟုသုတရယူရန် အခွင့်အလမ်းနည်း ပါးပါသည်။ မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုကြသော်လည်း ဆက်သွယ်ရေးလိုင်းသိပ်မ ကောင်းပါ။ သတင်း၊ မီဒီယာနှင့် ပညာလေ့လာသင်ယူရန် အတွက် အသုံးပြုလေ့မရှိကြသေးပါ။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ဒေါ်တံငူးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအား ဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင် ရောက်ရှိရေး အကောအထည်ဖော်ရမည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ် ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက် ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ် ထားပါ သည်။

၁။ လယ်ယာသီးနှံထုတ်လုပ်မှုနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးကဏ္ဍတိုးတက်ထုတ်လုပ်၍ ကျေးရွာမိသားစု များ ဝင်ငွေတိုးလာစေရမည်။

၂။ ကျေးရွာအခြေပြုအသက်မွေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းနှင့်အတူ ကျေးရွာအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာစေရမည်။

၃။ ကျေးရွာလူထုများ ပိုမိုပြည့်စုံသော ပညာရေးတက်မြောက်မှုနှင့် အခြေခံကျန်းမာရေး စောင့် ရှောက်မှုများ ရလာပြီး၊ လူနေမှုဘဝများ မြင့်မားလာစေရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက် ခြင်း အားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) လက်ရှိတွင် ရေကန် အမှတ် ၁ နှင့် ၂ မှ ရေဖြင့် လယ်များကို ရေတင်စိုက်ပျိုးနေ ကြပြီးယခုအခါ ရေကန်များမှာ တိမ်ကောနေသဖြင့် စိုက်ပျိုးရေ လုံလောက်မှုမ ရှိကြပါ။ ထို့ကြောင့် ရေကန် အမှတ် ၂ ကို မြေစာ ထုတ်ခြင်း၊ ဧရိယာတိုးချဲ့ခြင်း ပြုလုပ်ပါက စိုက်ပျိုးရေလုံလောက်ပြီး သီးနှံအထွက်တိုးလာမည်ဖြစ်ပါသည်။ ၎င်းအတွက် လိုအပ်သောကုန်ကျစရိတ်ကို ဆည်မြောင်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးအဖွဲ့များ၏ အကူ အညီကို ရယူဆောင်ရွက်ကြပါမည်။ စိုက်ပျိုးရေးနည်းပညာများကိုလည်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ အခြားနည်းပညာ ရယူနိုင်သောပုဂ္ဂလိက၊ အန်ဂျီအိုအဖွဲ့များ နှင့်နှင့် ချိတ်ဆက်ခြင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးတိုးချဲ့မွေး မြူနိုင်ရန် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ၊ မွေးမြူရေးနည်းစနစ်များ၊ ကာကွယ်ရေး၊ ကုသရေးအစီအစဉ်များအတွက် မြို့နယ်တိမွေးကုဦးစီးဌာနနှင့် ချိတ်ဆက်လုပ် ဆောင်သွားပါမည်။

(၂) ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရန်၊ အသက်မွေးဝမ်းပညာများ ကျွမ်းကျင်တတ် မြောက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေရန် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များရေးဆွဲ၍ အတတ်ပညာရှင်များ မွေးထုတ်ရန်လိုအပ်သည်။ ကျေးရွာ၏ အလားအလာကောင်းသော စီးပွားရေးလုပ်ငန်းများကို (ဥပမာ၊ ရိုးရာယက္ကန်း) တိုးမြှင့်လုပ်ဆောင်ရပါမည်။ ထိုသို့ကျွမ်းကျင်သူများ မွေးထုတ်ရန်အရင်းအနှီး ကုန်ကျမှု မတတ်နိုင်ခြင်း၊ အဆက်အသွယ်အားနည်းခြင်းတို့ကြောင့် အသက်မွေး သင်တန်းများ သင်ကြားရန် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့များနှင့်ချိတ်ဆက်၍ ရိုးရာယက္ကန်းအပါအဝင် အခြား ကျွမ်းကျင်သူ (၁၀) ဦးကို နှစ်စဉ် မွေးထုတ်ပေးမည်ဖြစ်သည်။

(၃) အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာအတွင် ကျန်းမာရေးဆေးခန်း ပြုပြင်ဆောက်လုပ်ခြင်း၊ အခြေခံကျန်းမာရေးဗဟုသုတများ ရစေခြင်းအတွက် ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ခြင်း၊ ပညာရေးတက်မြောက်မှုမြင့်မားလာစေရန် မိဘဆရာအသင်း ညှိနိုင်း၍အလယ်တန်း၊ အထက်တန်းပညာရေးအတွက် တွန်းအား ပေးခြင်း၊ ပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး အတွက် ကျေးရွာတွင်း လမ်းပြုပြင်ခြင်း၊ လိုအပ်သော လမ်းတံတားများ ပြုပြင်မွမ်းမံခြင်း များလုပ်ဆောင်သွားမည်။ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် မီးလင်းရေး ကော်မတီဖွဲ့စည်းခြင်း၊ မတည်ရံပုံငွေစုစည်းခြင်း၊ သက်ဆိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မြန်မာ့လျှပ်စစ်လုပ်ငန်းတို့နှင့် ဆက်သွယ် ညှိနှိုင်းခြင်းစသော လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

(၄) ကျေးရွာ၏ အဓိကအသက်မွေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက် ထုတ်လုပ်နိုင်ရန်နှင့် မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်များ တိုးချဲ့လုပ်ဆောင်ရန်

ရင်းနှီးမတည်ငွေ လိုအပ်အပါသည်။ ကျေးရွာ အိမ်ခြေ ၁၂၄ အိမ်ရှိသဖြင့် ကျေးရွာအသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးရံပုံငွေ သိန်း ၂၅၀ ရှိပါက ဆင်းရဲသားများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လှည့်ပတ်ရံပုံငွေအဖြ ချေးယူလုပ်ကိုင်နိုင်မည်။ ထို့ကြောင့် လက်ရှိလိုအပ်နေသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် အရင်းအနှီးကို ချေးငွေရရှိနိုင်သော ဖွံ့ဖြိုးရေးအဖွဲ့များ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကဘဏ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အရင်းအတိုးကို မိမိတို့ကျေးရွာဖွံ့ဖြိုးရေး လှည့်ပတ်ရံပုံ ငွေထူထောင်ခြင်းဖြင့် အကောင် အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ရရှိလာသော အတိုး၏ ၂၅% ကို ကျေးရွာ အခြေခံ အဆောက် အဦးများ အသစ်ဆောက်လုပ်ခြင်း၊ အဟောင်းပြန်လည်ပြုပြင်ခြင်းဖြင့် ကျေးရွာ၏ ဖွံ့ဖြိုး ရေးကို လုပ်ဆောင်ကြမည်။

(၅) လူငယ်များသည် ကျေးရွာသာရေး၊ နာရေး၊ ဘာသာရေး၊ လူမှုရေးနှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးတို့တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည်။ လူငယ်အဖွဲ့၏ ကျေးရွာအတွက် အသုံးအဆောင်ပစ္စည်းများ ထိန်းသိမ်းရန်၊ လူငယ်များပုံမှန် အစည်းအဝေးကျင်းပရန်၊ ရိုးရာတီးဝိုင်းပစ္စည်းများ သိမ်းဆည်းရန်သီးခြားနေရာနှင့်အဆောက်အဦးမရှိကြပါ။ လူငယ်ရိပ်သာကို လူငယ်များရံပုံငွေဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်နေကြသော် လည်း ပြီးစီးအောင်ဆောက်လုပ်နိုင်ခြင်းမရှိကြပါ။ ထို့ကြောင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရိပ်သာကို ပြင်ပဖွံ့ဖြိုးရေးအဖွဲ့များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဆက်သွယ်၍ အကူအညီရယူဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များ ချမှတ်ဆောက်ရွက်ခြင်းဖြင့် လုပ်ငန်းအကောင်အထည် ဖော် ဆောက်ရွက်ကြမည်ဖြစ်သည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော် ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့် မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေး နိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်

အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင်အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည် တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ဒေါ်တံငူးကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ် ချေးပေးနေသော မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါ ယမအနေဖြင့် မိုးစပါးသီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် ကျေးရွာရှိ မွေးမြူရေး၊ ဆင်းရဲသားမြေယာမဲ့များအတွက်လည်း ဝင်ငွေတိုးလုပ်ငန်းများအတွက် သင့်တော်သော အတိုးနှုန်း ဖြင့် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်း များ၊ ဘဏ်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ထို့ကြောင့် ကျေးရွာသူ/ သားများ လိုအပ် သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ဒေါ်တံငူးကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်မွေးထုတ်လုပ်သူ တောင်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ် သည်။ ကျေးရွာ၏ စိုက်ပျိုး၊မွေးမြူရေးကုန်ကြမ်းများထွက်ရှိသော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြ အထောက်အပံ့ပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြ ဖေးမမှုများကလည်း အရေးပါ လှပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ပေးခြင်းဖြင့်စည်ရုံများ တည်ထောင်ခြင်း ဖြင့် ထွက်ကုန်များကို တန်ဖိုးမြှင့်ခြင်း၊ မြေယာမဲ့နှင့် လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်း များဖန်တီးပေးခြင်းများလိုအပ်ပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစ သည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှု အသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်း

ကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုကို မြင့်မားလာစေမည် ဖြစ်ပါသည်။ ထို့နောက်တွင် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများများပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များ အဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေး လုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက် များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကိုသိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်း မှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်း ဖြစ်ပါ သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါ သည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေ ဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်း စသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့်စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်း စဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူ ရွေးချယ်ဖွဲ့စည်း လိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (၉) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများ ရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက် များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန်လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်း နှင့် ဖော်ပြချက်
အုပ်ချုပ်ရေး ကဏ္ဍ				
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၅၀	၁၂	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန နှင့် ချိတ်ဆက်ဆောင် ရွက်ခြင်း • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးသင်တန်းများ စီစဉ်ခြင်း
စိုက်ပျိုးရေး ကဏ္ဍ				
စိုက်ပျိုးမြေနှင့် စိုက်ပျိုးရေ	၂။ စိုက်ပျိုးရေးနည်းပညာများ ရရှိလာပြီး သီးနှံစိုက်ပျိုးမှု တိုးတက်ထုတ်လုပ်လာစေရန်	၁၀၀	၃	**ဘက်စုံစိုက်ပျိုးနည်းပညာသင်တန်းများ ချိတ်ဆက်ခြင်း** • စပါးစိုက်ပျိုးခြင်းနည်းပညာ • မျိုးစေ့အရည်အသွေးနှင့်ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်း • မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်း • ပိုးသတ်ဆေး၊မြေဩဇာစနစ်တကျသုံးစွဲနည်းသင်တန်း • သံပရာ-လိမော် စိုက်ခြင်းသင်တန်း • တောင်ယာစိုက်ခင်းနည်းပညာ • နှမ်းစိုက်ပျိုခြင်းသင်တန်း
	၃။ စိုက်ပျိုးမြေတိုးချဲ့စိုက်ပျိုးခြင်းမှ သီးနှံထုတ်လုပ်မှု တိုးတက်လာစေရန်	၈၄	၇	• တောင်ယာစိုက်ခင်းကွက်များဖော်ထုတ်ခြင်း • သစ်တော-သီးနှံရောနှော စိုက်ခင်း • ဥယျာဉ်ခြံသီးနှံစိုက်ခင်း (သံပရာ-လိမော်-ငှက်ပျော)
	၄။ စိုက်ပျိုးရေလုံလောက်စွာရရှိ၍ သီးနှံထုတ်လုပ်မှု တိုးတက်လာစေရန်	၁၀၀	၂	• ရေကန်အမှတ် (၂) တိုးချဲ့ပြုပြင်ခြင်း

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်း နှင့် ဖော်ပြချက်
တိရစ္ဆာန် မွေးမြူရေး				
	၅။ တစ်နိုင်တစ်ပိုင်မွေးမြူရေးအသိပညာများရ လာ၍ တိုးချဲ့မွေးမြူခြင်းမှ မိသားစုဝင်ငွေတိုး လာစေရန်	၈၁	၉	• အခြေခံမွေးမြူရေးပညာဗဟုသုတများ ချိတ်ဆက်ခြင်း • အခြေခံမွေးမြူရေးလုပ်သားများ မွေးထုတ်ခြင်း • မွေးမြူရေး(ဝက်၊ကြက်၊နွား) တိုးမြှင့်ခြင်း • ကာကွယ်ဆေး၊ ကုသဆေးများ လက်လှမ်းမီရန် ချိတ်ဆက်ခြင်း
အခြား ဝင်ငွေရ လုပ်ငန်းများ				
သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	၆။ အခြေခံအသက်မွေးပညာများ ရရှိလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန်	၉၀	၅	**အခြေခံသက်မွေးပညာကျွမ်းကျင်မှု သင်တန်းများ ချိတ်ဆက်ခြင်း** • အင်္ဂလိပ်စာ-ကွန်ပျူတာသင်တန်း • စက်ချုပ်သင်တန်း • အလှပြင်သင်တန်း • စက်ပြင်သင်တန်း • ရိုးရာယက်ကန်းသင်တန်း • လက်သမား-ပန်းရံသင်တန်း
ဝင်ငွေရလုပ်ငန်း	၇။ ကျေးရွာအခြေပြုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး လာ၍ ဝင်ငွေရလုပ်ငန်များ လက်လှမ်း မီလာစေရန်	၅၄	၁၀	• ရိုးရာယက်ကန်းလုပ်ငန်း တိုးချဲ့လုပ်ဆောင်ခြင်း • အုတ်ရိုက်စက်တိုးချဲ့လုပ်ဆောင်ခြင်း • ဈေးကွက်များ ချဲ့ထွင် လုပ်ဆောင်ခြင်း
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း				
ချေးငွေ	၈။ ကျေးရွာအခြေပြု ချေးငွေလည်ပတ်ရေး အစီအစဉ် များထူထောင်၍ ချေးငွေလုံလောက် စွာရလာစေရန်	၈၂	၈	• အသက်မွေးဝမ်းကျောင်းလုပ် ငန်းပေါ်မူတည်၍ ထုတ်ချေးပေးနိုင်မည့် ချေးငွေ ဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း • ကျေးရွာရံပုံငွေကြေးအရင်းအနှီးထူထောင်ခြင်း • ရပ်ရွာအခြေပြုချေးငွေအဖွဲ့များကို စွမ်းဆောင်ရည်တိုးမြှင့်ပေးခြင်း

ကဏ္ဍ / အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အခွင့်အလမ်း နှင့် ဖော်ပြချက်
ကျန်းမာရေး				
	၉။ကျေးရွာအခြေခံကျန်းမာရေးစောင့်ရှောက်မှုဖ န်ဆောင်မှုများ ပြည့်စုံခြင်းနှင့်အတူ တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်စွာရရှိရန်	၆၀	၁၁	• ရေကောင်းရေသန့်ရရှိရန်ရေသွယ်ခြင်း (၉၀၀၀ပေ) • ဆေးခန်းအသစ်ဆောက်လုပ်ခြင်း (အဟောင်း) • အရံသားဖွားသင်တန်းများ ချိတ်ဆက်ခြင်း • ကျန်းမားရေးအသိပညာပေးသင်တန်းများ ပံ့ပိုးခြင်း • ကျန်းမားရေးအသိပညာပေးသင်တန်း
လမ်းပန်း ဆက်သွယ်ရေး				
လမ်း၊ တံတား	၁၀။ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလာစေရန်	၈၅	၆	• ကျေးရွာတွင်းလမ်းပြုပြင်ခြင်း • ကုန်ထုတ်လမ်းနှင့်တံတားဆောက်လုပ်ခြင်း
<u>ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား</u>				
	၁၁။ လူငယ်များ အသိပညာဗဟုသုတများ နှင့် အားကစားလှုပ်ရှားမှုများ ဖွံ့ဖြိုးလာစေရန်	၉၃	၄	• ကယားစာပေယဉ်ကျေးမှုလူငယ်တီးဝိုင်းအဖွဲ့များ မြေတောင်မြှောက်ပေးခြင်း • လူငယ်ရိပ်သာဆောက်လုပ်ခြင်း • အားကစားပစ္စည်း(ကိုယ်ကာယ၊ကြက်တောင်၊စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ဘောလုံး၊ခြင်းလုံး) ချိတ်ဆက်ခြင်း • အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးသင်တန်းနှင့် အဖွဲ့ • ကွန်ပျူတာ၊အင်္ဂလိပ်စာသင်တန်း • အနုပညာသင်တန်း
လျှပ်စစ်ဓာတ်အားသုံးစွဲ ရေး				
လျှပ်စစ်မီး	၁၂။ကျေးရွာအိမ်ထောင်စုများလျှပ်စစ်မီးလက် လှမ်းမီရန်	၁၀၀	၁	• လျှပ်စစ်မီးမီးကော်မတီဖွဲ့စည်းခြင်းနှင့် ရုံပုံငွေတည်ထောင်ခြင်း • ကျေးလက်၊အီးပီစီတို့နှင့်ချိတ်ဆက်၍နည်းပညာ၊ငွေကြေးအကူ အညီတောင်း ခြင်း • ကျေးရွာလူထုကို စည်းရုံးလှုံ့ဆော်ခြင်း

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကာလများကိုနှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

လုပ်ငန်းအကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
၁	ကျေးရွာအိမ်ထောင်စုများ လျှပ်စစ်မီးလက်လှမ်းမီရန်	၁	√					
၂	စိုက်ပျိုးရေးနည်းပညာများ ရရှိလာပြီး သီးနှံစိုက်ပျိုးမှု တိုးတက်ထုတ် လုပ် လာစေရန်	၂	√					
၃	စိုက်ပျိုးမြေတိုးချဲ့စိုက်ပျိုးခြင်းမှ သီးနှံထုတ်လုပ်မှု တိုးတက်လာစေရန်	၃	√	√	√			
၄	ကျေးရွာအခြေပြု ချေးငွေ လည်ပတ်ရေး အစီအစဉ် များ ထူထောင်၍ ချေးငွေလုံလောက်စွာ ရလာစေရန်	၄	√					
၅	အခြေခံအသက်မွေးပညာများ ရရှိ လာပြီး အလုပ်အကိုင်အခွင့် အလမ်းများ တိုးတက်လာ စေရန်	၅	√					
၆	လူငယ်များ အသိပညာဗဟု သုတများနှင့် အားကစား လှုပ်ရှားမှုများ ဖွံ့ဖြိုးလာစေရန်	၆		√				
၇	ကျေးရွာအခြေခံကျန်းမာရေး စောင့်ရှောက်မှုဝန်ဆောင်မှုများ ပြည့်စုံခြင်းနှင့်အတူတစ်နှစ်ပတ်လုံး သောက် သုံးရေ လုံလောက်စွာရရန်	၇	√	√				
၈	ကျေးရွာအခြေပြုစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးလာ၍ ဝင်ငွေရလုပ်ငန်များ	၈		√				

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	မှတ်ချက်
	လက်လှမ်းမီလာစေရန်							
၉	လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလာစေရန်	၉		√				
၁၀	စိုက်ပျိုးရေလုံလောက်စွာရရှိ၍ သီးနှံထုတ်လုပ်မှု တိုးတက်လာစေရန်	၁၀	√	√				
၁၁	တစ်နိုင်တစ်ပိုင်မွေးမြူရေးအသိပညာများရလာ၍ တိုးချဲ့မွေးမြူခြင်းမှ မိသားစုဝင်ငွေတိုးလာစေရန်	၁၁			√			
၁၂	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၁၂				√		

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံချက်အကောင် အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေး ရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင် အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော

ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်း ဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

#	စီမံချက်	စုစုပေါင်း ခန့်မှန်းဘက်ဂျက် (ကျပ်)	သာမန် အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသား ချင်း စာနာမှုအထောက် အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာအိမ်ထောင်စုများလျှပ်စစ်မီးလက်လှမ်းမီရန်			√		
၂	စိုက်ပျိုးရေးနည်းပညာများရရှိလာပြီး သီးနှံစိုက်ပျိုးမှုတိုးတက်ထုတ် လုပ် လာစေရန်				√	
၃	စိုက်ပျိုးမြေတိုးချဲ့စိုက်ပျိုးခြင်းမှသီးနှံထုတ်လုပ်မှုတိုးတက်လာစေရန်			√		
၄	ကျေးရွာအခြေပြုချေးငွေလည်ပတ်ရေး အစီအစဉ်များထူထောင်၍ ချေးငွေလုံလောက်စွာရလာစေရန်				√	
၅	အခြေခံအသက်မွေးပညာများရရှိ လာပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေရန်				√	
၆	လူငယ်များအသိပညာဗဟုသုတများ နှင့်အားကစားလှုပ်ရှားမှုများဖွံ့ဖြိုးလာစေရန်				√	
၇	ကျေးရွာအခြေခံကျန်းမာရေးစောင့်ရှောက်မှုဂန်ဆောင်မှုများပြည့်စုံခြင်း နှင့်အတူတစ်နှစ်ပတ်လုံး သောက် သုံးရေ			√		

#	စီမံချက်	စုစုပေါင်း ခန့်မှန်းဘက်ဂျက် (ကျပ်)	သာမန် အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသား ချင်း စာနာမှုအ ထောက် အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံးငွေ ရင်းရင်းနှီး မြှုပ်နှံမှု	စွမ်းဆောင် ရည်မြှင့် တင်ရေး	
၈	လုံလောက်စွာရရှိနိုင် ကျေးရွာအခြေပြုစီးပွားရေးလုပ် ငန်းများဖွံ့ဖြိုးလာ၍ ဝင်ငွေရလုပ်ငန်များ လက်လှမ်းမီလာစေရန်				√	
၉	လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုး လာစေရန်			√		
၁၀	စိုက်ပျိုးရေးလုံလောက်စွာရရှိ၍ သီးနှံထုတ်လုပ်မှု တိုးတက်လာစေရန်			√		
၁၁	တစ်နိုင်တစ်ပိုင်မွေးမြူရေးအသိ ပညာများရလာ၍ တိုးချဲ့မွေးမြူခြင်းမှ မိသားစုဝင်ငွေတိုးလာစေရန်				√	
၁၂	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး				√	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင် မြင် ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အ ထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက် နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်။ ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအ ရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ် ယာ ကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက် စေခြင်း ဖြစ်ပါ သည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင် မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့ အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီ အစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ဒေါ်တံငူးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက်လုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြု ချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင် ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်း ရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများ ထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများ ထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ ကျေးရွာလူမှုစီးပွားရေးအခြေအနေ

၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ဒေါ်တံငူးကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၂	၃	၅	၀.၉	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၇	၇	၁၄	၂.၅	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၈	၈	၁၆	၂.၉	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၆	၂၀	၃၆	၆.၅	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၃၀	၂၅၀	၄၈၀	၈၆.၁	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၃	၃	၆	၁.၁	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၂၆၆**	**၂၉၁**	**၅၅၇**	**၁၀၀**	
အိမ်ထောင်စုပေါင်း			၁၂၄		
တစ်အိမ်ထောင်ပျှမ်းမျှလူဦးရေ			၄.၄၉		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ ခုနှစ်)

လေ့လာတွေ့ရှိချက်

၁။ ၁-၃.၈.၂၀၁၅ ခုနှစ်တွင် ဥက္ကဋ္ဌ တစ်ဦးနှင့် ဆယ်အိမ်မှူး ၇ ဦးတို့မှ တစ်အိမ်ချင်း အသေးစိတ် မေးမြန်းထားသော စာရင်းဖြစ်ပြီး အိမ်ထောင်စုပေါင်း (၁၂၄) အိမ်ထောင်စုရှိပြီး စိုက်ပျိုးမွေးမြူရေးကို အဓိက ထားလုပ်ကိုင်ကြသည်။

၂။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၂၄ အိမ်နှင့် လူဦးရေပေါင်း (၅၅၇) ဦး (ကျား ၂၆၆+ မ ၂၉၁) ဦး ရှိသည်။ လူဦးရေထူထပ်မှုမှာ တအိမ်ထောင်ပျမ်းမျှ (၄.၄၉) ဖြစ်ပြီး မိသားစု ပျမ်းမျှလူဦးရေ အနည်းငယ်နည်းနေသည်ကို တွေ့ရပါ သည်။

၃။ အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ ၄၈၀ ဦး (၈၆.၁%) ရှိသည်။ အမျိုးသမီး အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေမှာ လည်း အမျိုးသား လူဦးရေထက် ၂၀ ဦး (၄.၂%) ပိုများသည်ကို တွေ့ရသည်။

၁.၂။ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) **ဒေါ်တံငူးကျေးရွာ၏ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၀	၉၆.၈		စိုက်ပျိုးရေးသီးသန့် (၁) အိမ်၊ စိုက်+မွေး (၁၁၉)အိမ်။
	အလုပ်သမား၊ ကျပန်း၊			၄	အားလုံးမှာ

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	ရာသီအလိုက် အလုပ်သမား				မြေယာမဲ့များဖြစ်သည်။
	မိသားစုဝင် လုပ်အား			၁၂၀	မိသားစုဝင်များသည် အိမ်ထောင်ဦး စီး၏ အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင် ကြရသည်။
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၃.၂	၁၁၉	မွေးမြူရေးသီးသန့် ၄ အိမ်၊ စိုက်+မွေး (၁၁၉ အိမ်)။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း			၁	ဆန်စက်-၁။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၁၀	လက်သမား ၇ + ပန်းရံ ၃
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု %	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***			
	ကိုယ်ပိုင် လုပ်ငန်း			
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***			
	ကိုယ်ပိုင် လုပ်ငန်း	၁၃	ကုန်စုံဆိုင်-၃၊ ဓာတ်ဆီဆိုင် ၅၊ ဈေးဆိုင် ၅။	
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***			
	ကိုယ်ပိုင် လုပ်ငန်း			
	အလုပ်သမား၊ ကျပန်း၊	၁	လွိုင်ကော်စား သောက်ဆိုင်-၁ ဦး။	
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***			
	ကိုယ်ပိုင် လုပ်ငန်း	၁၁	သယ်ယူပို့ဆောင်ရေး ၅ ဦး၊ ကားမောင်း-၆ ဦး၊ ။	
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***			
	ကိုယ်ပိုင် လုပ်ငန်း			
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***			
	ကိုယ်ပိုင် လုပ်ငန်း			
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			
	မိသားစုဝင် လုပ်အား			
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**			
	ကိုယ်ပိုင် လုပ်ငန်း	၁၀	အစိုးရဝန်ထမ်း။	
	အလုပ်သမား၊ ကျပန်း၊			
	ရာသီအလိုက် အလုပ်သမား			

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				ဘော်လခဲတွင် နှမ်းစိုက်သူ ၅
	ရာသီအလိုက် အလုပ်သမား			၂၁	ဦး၊ ဆန်စက် အလုပ်သမား၊
					ရက်ကန်း၊ စက်ချုပ်သူ ၁၆ ဦး။
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း			၅	NGO ဝန်ထမ်း ၅ ဦး။
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	**၁၂၄**	**၁၀၀**	**၃၁၅**	
			%		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ လယ်သမား (၁၂၀) ဦးအနက် ၁ ဦးမှာ စိုက်ပျိုးရေးသီးသန့် လုပ်ကိုင်ပြီးကျန် ၁၁၉ အိမ်ထောင်စုမှာ စိုက် ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သည်။

၂။ မွေးမြူရေးကို သီးသန့် လုပ်ကိုင်သူ (၄) ဦးသာ ရှိပြီး မြေယာမဲ့အိမ်ထောင်စုများဖြစ်သည်။

၃။ လက်လီဈေးသည်များမှာ (၁၃) အိမ် ရှိပြီး အိမ်ဈေးဆိုင်၊ ခါတ်ဆီဆိုင်၊ နှင့် ကုန်စုံဆိုင်များဖြစ်သည်။

၄။ အများစုမှာ တောင်သူများဖြစ်သော်လည်း လက်သမား၊ ပန်းရံ သမား၊ စားသောက်ဆိုင် အလုပ်သမား၊ အစိုးရ ဝန်ထမ်း၊ NGO ဝန်ထမ်း၊ ဆန်စက်အလုပ်သမား၊ ယက္ကန်း၊ စက်ချုပ်၊ ကားမောင်းလုပ်ငန်းများစသဖြင့် လုပ်ငန်းမျိုးစုံကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့်လည်း အသက်မွေးကြရသည်။

၅။ ကျေးရွာတွင်မြေယာမဲ့ကျဇန်းသမားဦးရေ ၄ အိမ် (၃.၂%) သာရှိပြီး မွေးမြူရေးကို အဓိက လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးနှင့် အခြားကျဇန်းလုပ်ငန်းများကိုလည်း ကြံုသလို လုပ်ကိုင်ကြရသည်။

၆။ အထက်ပါဇယားတွင် လုပ်သားအင်အားစုစုပေါင်းမှာ ၄၃၉ ဖြစ်ပြီး အိမ်ထောင်စု အရေအတွက်ထက် ပိုများနေရခြင်းမှာ တအိမ်ထောင်ချင်းစီမှ မိသားစုဝင် တဦးထက်ပို၍ မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် အလုပ် လုပ်ကြရသော ကြောင့် ဖြစ်သည်။

၁.၃။ သဘာဝ အရင်းအမြစ်များ

၁.၃.၁။ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၃၈၇	ကောင်း	အနည်းငယ်	ဧက - ၃၀၀။ ကန်အမှတ် (၂+၃) မှရေကိုအသုံးပြုစိုက်ပျိုးကြသည်
ယာမြေ	၃၆၅	သင့်	မရ	မိုးရေသောက်
ဥယျာဉ်ခြံမြေ				
အိမ်ခြံဝင်းစိုက်ခင်း				
ရွှေပြောင်းတောင်ယာ	၅၀	ကောင်း	မရ	မိုးရေသောက်
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ	၅၀၀	ကောင်း	မရ	မိုးရေသောက်
အခြား				
စုစုပေါင်း	၁၃၀၂			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ စပါးကို အဓိကထားစိုက်ပျိုးကြပြီး ကန်တော် ၇ ဆင့်ရှိသည့်အနက် ကန်အမှတ် (၂) နှင့်(၃) တို့မှ ရေ သွင်းကာ ဧက ၃၀၀ ခန့် လယ်မြေစိုက်ပျိုးကြသည်။ ကျန်လယ်မြေ ၈၇ ဧက ခန့်မှာ မိုးရေသောက်ပြီး စိုက်ပျိုးကြသည်။

၂။ ကန်အမှတ် ၂ မှာ တောင်ကျချောင်းရေကြောင့် တိမ်ကောလာပြီး ဆည်ရေ အပြည့်အဝ သိုလှောင်နိုင်ခြင်း မရှိ တော့ပါ။ ထိုကြောင့် စိုက်ပျိုးဧကများ ရေအပြည့်အဝမရရှိနိုင်တော့ပါ။

၃။ အိမ်ခြံဝင်းတွင် စားဖိုချောင်သီးနှံများစိုက်ပျိုးကြပြီး ကိုယ်ပိုင်စားသုံးရန်ဖြစ်သည်။

၁.၃.၂။ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်၊ သဲ)	များ (ဂ၀ံ - လမ်းခင်းကျောက်ခဲ	လွယ်။ ကျေးရွာအနီး တောင် ဘက်တွင် ကျောက်တောင် ကြီး များရှိသည်။
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	နည်း (တောဝက်-ယုန်-ကျီ)	ခက်။ ကန့်သတ်တောအဖြစ်ထား သည်။ ဖမ်းဆီးမှုဖြင့် တားမြစ်ထား သည်။
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	များ (ပန်း၊နွားစာ၊ ဆေးဖက်ဝင်အ ပင်၊ ဝါး၊သစ်၊မျစ်၊ အခြားဟင်းသီး ဟင်းရွက်များ။	လွယ်။ (ရွာအနီးရနိုင်)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဆေးဖက်ဝင်အပင်များကို ရွာရှိတောတောင်များတွင်ရှာဖွေကာ စီးပွားဖြစ် ရှာဖွေကြသည်။

၂။ အိမ်ဆောက် သစ်မာနှင့် ထင်းရှူးလာသည်။

၃။ ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအနေဖြင့် ကန့်သတ် နယ်မြေ များရှိ သည်။

၁.၄။ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း: အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ် (၅-၈) ယာ (၆ အထက်)	လယ် (၃-၅) ယာ (၄-၆)	လယ် (၀-၃) ယာ (၂-၄)	ယာ(၀-၂)

အကြောင်းအရာ	သတ်မှတ်စံနှုန်း: အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အိမ်အခြေအနေ	ရှယ်ကာလာသွပ် အုပ်ညှပ်ကာ၊သမံတလင်းခင်း၊ပျဉ်ခင်း နှစ်ထပ်တိုက်	သွပ်(လတ်)၊ပျဉ်ကာ၊ သံမံတ လင်းခင်း ကျင်တွယ်ကိုင်နှစ်ထပ်တိုက်	သက်ကယ်/ရိုးရိုးသွပ်၊ဝါးထရံ/ပျဉ်ကာ၊ဝါးကြမ်း/ထင်းရူးပျဉ်ခင်း	သက်ကယ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း/မြေစိုက်တဲအိမ်
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	နွား (၂-၄) လှည်း-ထော်လာကျီ၊ လက်တွန်းထွန်စက်၁၊ကွဲ(၂-၄)ကောင်၊ မြက်ရိတ်စက်၊ ခွေလှေ့စက်။	နွား-၂၊ လှည်း၊ လက်တွန်း၊ ထော်လာကျီ၊ မြက်ရိတ်စက်၊ ဆေးဖြန်းပုံး၊ သံကြိုး သစ်ဆွဲလွှ။	နွား၊တံစဉ်၊ပုဆိန်၊ ဓား၊ ဓားကောက်ရန်း၊ပေါက်တူး၊ ပေါက်ပြား	ပုဆိန်-တံစဉ်း-ဓား-ဓားကောက်-ပေါက်တူး-ပေါက်ပြား
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဓိမ်ခံကား-၁၊ လိုင်းကား၊ ဖုန်း -၃ ၊ တီဗွီကြီး ၊ ဆိုလာကြီး၊ မီးစက် ၊ ဆိုင်ကယ် (၂)၊ စက် ဘီး ၊ စလောင်း၊ IPM	ဖုန်း-၁၊ ခေါက်တီဗွီကြီး၊ဆိုလာကြီး၊ ဆိုင်ကယ်-၁၊ စက်ဘီး -၁။	ဖုန်း-၁၊ ခေါက်တီဗွီလတ်-သေး၊ဆိုလာ လတ်-သေး၊ဆိုင်ကယ်-၁ သို့မဟုတ် စက်ဘီး -၁၊ ရေဒီယို	ရေဒီယို၊စက်ဘီး
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	လယ်၊ယာ၊တောင်သူ၊ သိန်း (၁၆-၂၅)	လယ်-ယာ-တောင်သူ သိန်း (၉-၁၅)	တောင်သူ-နေ့စား-ကျဗန်း သိန်း (၅-၈)	နေ့စား-အငှား-ကျပန်းသိန်း (၂.၅-၅)
အခြားပိုင်ဆိုင်မှု	ဝက်-၃၊ ကြက်၊ စားသောက်ကုန်စုံဆိုင်၊ပရိဘောဂ ပစ္စည်း	ဝက် -၁ ၊ ကြက်	ဝက်-၁၊ ကြက်	ဝက် (မွေးဘက်) ကြက်
စုစုပေါင်း ၁၂၄ အိမ်	**၁၀ အိမ် (၈%)**	**၅၂ အိမ် (၄၁.၉%)**	**၅၃ အိမ် (၄၂.၇%)**	**၉ အိမ် (၇.၆%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆုံးဖြတ်သော ဓနဥစ္စာအဆင့်အနေအထားအရ ဆင်းရဲနှင့် ဆင်းရဲဆုံးအိမ် ထောင်စုမှာ စုစုပေါင်း (၆၂) အိမ် (၅၀%) ရှိပြီးအများစုမှာ ဆင်းရဲသားများဖြစ်ကြသည်။ ကျန်၆၂ အိမ် (၅၀%) မှာ အဆင်ပြေနှင့် အလယ်အလတ် တန်းစားမိသားစုများဖြစ်သည်။

၂။ ဓနဥစ္စာအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် လယ်ယာသုံးစက်ကရိယာပိုင်ဆိုင်မှုမှာ အရေးပါ သည် ကို တွေ့ရသည်။

၁.၅။ ထိခိုက်လွယ်မှု

၁.၅.၁။ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၂၄	၁၉.၄	ကျန်လများအကြွေးယူ၊ လုပ်အားခကြိုတင်ရောင်းချခြင်းဖြင့် ပြန်ဆပ်ကြ၊ ဖြေရှင်းကြသည်။
၃ လနှင့် ၅ လအထိ	၈၀	၆၄.၅	သီးနှံရောင်းရငွေဖြင့်ရိက္ခာဝယ်ယူကြသည်။ အကြွေးယူပြီး လုပ်အားခဖြင့်ပြန်ဆပ်ကြသည်။
၆လမှ၁၂လအထိ	၁၀	၈.၁	ကိုယ်ပိုင်လယ်ယာမှရရှိသည်။ သိုလှောင်ထားကြ သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ၃ လအောက် ဝမ်းစာဖူလုံသူများမှာ ကျပန်းသမားမြေယာမဲ့နှင့် တောင်သူငယ်များဖြစ်သည်။ ကျေးရွာ မိသားစု၏ ၂၄ အိမ်ထောင်စု ၁၉.၄ ရာခိုင်နှုန်းမှာ ကျန်လအကြွေးယူ လုပ်အား ခကြို တင်ရောင်းချ ခြင်းဖြင့်ပြန်ဆပ်ကြ၊ ဖြေရှင်းကြသည်။ နေ့စားလုပ်အားခဖြင့်ဝယ်စားကြပြီး တစ်ရက်စာစားသောက်ကြသည်။ နပ်မှန်အောင်စားသုံးကြပြီး ထမင်းကိုသာလျှော့စားကြသည်။ လုပ်ခဖြင့်ရသလောက်ဝယ်ပြီးမျှစားကြသည်။ လုပ်အား ကိုကြိုရောင်းပြီး ဆန်ဖြင့် လဲလှယ်စားသုံးကြသည်။

၂။ တောင်သူငယ်နှင့် ကျန်မြေယာမဲ့ ၈၀ ဦး (၆၄.၅%) မှာ ၃ လမှ ၅ လအထိ ဝမ်းစာဖူလုံမှုရှိကြပြီး ကျန်လများအတွက် သီးနှံရောင်းရငွေဖြင့် ရိက္ခာဝယ်ယူကြသည်။ အကြွေးယူပြီး လုပ်အားခဖြင့် ပြန်ဆပ်ကြသည်။

၃။ ကျန်တောင်သူလတ် ၁၀ ဦး (၈.၁%) မှာ ကိုယ်ပိုင်လယ်ယာမှရရှိသည့်စပါးကို သိုလှောင်ထားကြပြီး ကျန် လများအတွက် ဆွေမျိုးမိတ်ဆွေများထံမှ ချေးယူစားသုံးကြရပြီး သီးနှံပေါ်ချိန်တွင် အမြန်ပြန်ဆပ်ကြရသည်။

၄။ ကျန် (၁၀) အိမ်မှာ ချေးငှါးခြင်းမပြုဘဲ ထမင်းပုံမှန်၊ နပ်မှန် စားသောက်နိုင်ကြသည်။

၁.၅.၂။ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၅	၄	၉
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	၄	၂	၆

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	၁၀		
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	၃		
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ	၁		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ အသက် ၆၀ နှစ် အထက် မျက်မမြင် (ကျား၂ + မ ၁) = ၃ ဦးရှိသည်။ အတူနေမိသားစုများ အလုပ်သွား ပါ က ကြည့်ရှုစောင့်ရှောက်သူမရှိပါ။

၂။ မသန်စွမ်း ပိုလီယို မ (၁) ဦးရှိသည်။

၃။ ထိုင်းသို့သွားရောက်လုပ်ကိုင်သူ ကျား (၁) ဦးရှိသည်။

၁.၅.၃။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
စီးပွားရေး			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်။	လုပ်အားခဖြင့်ရသလောက်ဝယ်စားကြသည် အကြွေး ယူပြီး လုပ်အားခပြန်ဆပ်ကြသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်။	ဆည်ရေစိမ့်ယိုနေသဖြင့် ဆည်ရေလုံလောက်မှု မရှိပါ။
ကျန်းမာရေး			
၃	၄က်ဖျားရောဂါ	နိမ့်။	ဖြစ်လေ့သိပ်မရှိပါ။
၄	တီဘီရောဂါ	လတ်	ဖြစ်ပွားသူရှိ- ကုသမှုမခံပါ။
၅	ကိုယ်ခံအားကျဆင်းမှု ရောဂါ	နိမ့်။	ဖြစ်ပွားသူမရှိပါ။
လူမှုရေး			
၆	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	လတ်	ကာမကျူးလွန်သောကြောင့်နယ်နင်ဒဏ် ပေး ထား သည်။
၇	လူကုန်ကူးခြင်း	မရှိ	
၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	လတ်	ကျွဲ၊နွားလှည်းများသွားလာမှုကြောင့်လျှင်မြန်စွာပျက် စီးပြီး မိုးရာသီတွင်မကောင်းပါ။
ပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်			
၉	ရေကြီးခြင်း	နိမ့်။	
၁၀	မိုးခေါင်ခြင်း	မြင့်။	သုံးနှစ်ဆက်တိုက်မိုးခေါင်ခြင်းကြုံတွေ့ရသည်။
၁၁	မုန်တိုင်း	နိမ့်။	သိပ်မဖြစ်ပါ။ တောင်ပေါ်ဒေသဖြစ်သည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၂	ငလျင်	နိမ့်။	တခါတရံမှသာဖြစ်လေ့ဖြစ်ထရှိသည်။
၁၃	မီးဘေး	နိမ့်။	နွေပိုင်း တခါတရံဖြစ်တတ်သည်။
၁၄	ဆားငံရေဝင်မြေ	-	
၁၅	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်း မှု	လတ်	ဓာတ်မြေဩဇာသုံးသဖြင့် မြေဆီလွှာပျက်စီးမှုများ သည်။
၁၆	သစ်တောပြုန်းတီးခြင်း	လတ်	ထင်းနှင့် သစ်များရှားပါးလာသည်။
၁၇	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် ဝမ်းစာမဖူလုံခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) မိုးခေါင်ခြင်း၊ မြေဆီလွှာ ပျက်စီး ခြင်း နှင့်သစ်တောပြုန်းတီးခြင်းတို့သည် ထိ ခိုက်လွယ်မှု မြင့်သည်။

၂။ အများစုမှာ စပါးတသီးတည်းစိုက်ပျိုးခြင်း၊ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးအလွန်အ ကျွံသုံးစွဲခြင်းစနစ်ဖြင့် အသက်မွေးမြူကြသောကြောင့် တဖြည်းဖြည်း မြေဆီဩဇာခမ်းခြောက်ခြင်းနှင့် သီးနှံအထွက်နှုံး အလွန်နည်းသ ဖြင့် အများစုမှာ ဝမ်းစာဖူလုံမှု မရှိကြပါ။

၁.၅.၄။ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	ကားနောက်လိုက်များ ပြင်ပအမျိုးသမီးများနှင့် တွေ့နိုင်သည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	လတ်	ဝမ်းစာဖူလုံမှုမရှိ။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	အလုပ်ပုံမှန်မရှိ။
၄	သဘာဝ ဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သောဒေသ/ ကူးစက်ရောဂါထူပြော သောဒေသတို့တွင်နေထိုင်သူများ	နိမ့်	ယားနာတစ်ရွာလုံးဖြစ်ပွားသည်။
၅	မြစ်ကမ်းဘေးနေလူထု	-	-
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	နိမ့်။	ပြစ်မှုကျူးလွန်မှု -၁ ဦးရှိသည်။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	-
၉	ငါးကန်ပိုင်ရှင်	-	-
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	နိမ့်။	အလုပ်ပုံမှန်ရှိကအခက်အခဲဖြေရှင်း

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			နိုင်သည်။
၁၁	လူနည်းစုလူမျိုးများ	-	-
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေသူများ	မြင့်။	သစ်တောနှင့်စိမ့်စမ်းရေသွယ်တန်းခြင်းပြဿ နာရှိသည်။
၁၃	နယ်စပ်ဒေသတွင်နေသူများ	မြင့်။	တနီးလာလဲကျေးရွာနှင့်ရေပြဿနာရှိသည်။
၁၄	ရွှေတွင်းလုပ်သား	-	
၁၅	ဆေးစွဲသူများ	-	
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	နိမ့်။	ပြင်ပသို့ အလုပ်လုပ်ကိုင်သူများမှာ ကူးစက် နိုင်ခြေရှိသည်။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	နိမ့်။	သစ်တောထွက်များရောင်းချကြသည်
၁၈	ရွှေပြောင်းလုပ်သားများ	နိမ့်။	အခြားဒေသသို့ နှမ်းစမ်းသပ်စိုက်ပျိုးကြ သည်။
၁၉	ကားသမား	နိမ့်။	-
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသားတောင်သူများ၊ ကျပန်းများသည် ပုံမှန်အလုပ်နှင့် ပုံမှန်ဝင်ငွေမရကြသောကြောင့်ထိခိုက်လွယ်ဆုံးမိသားစု၊ အုပ်စုများ ဖြစ်သည်။

၂။ သစ်တောကိစ္စပြဿနာ၊ ထင်းခိုးခုတ်ခြင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းတို့နှင့် ပါတ်သက်၍ နယ်စပ်ပြဿနာ၊ ဒေသ တွင်းပြဿနာဖြစ်တတ်သည်။

၃။ လူငယ်နှင့် အမျိုးသမီးများ ပွဲလမ်းသဘင် သွားချိန်တွင် တရွာနှင့်တရွာ ခိုက်ရန်ဖြစ်ပွားမှုများ ရှိတတ်သည်။

၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁။ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့ အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသောအရင်းအမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ် ကာအကျိုးရှိစွာ အသုံးချပြီး၊သက်ဆိုင်ရာဌာနများနှင့်အစီအစဉ်ကျသော မူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	အုပ်ချုပ်ရေး	၁-၂-၃	၁၃	-	၁၃	အထွေထွေအုပ် ချုပ်ရေး	၅	၇
၂	ရပ်မိရပ်ဖ	၂	၄	-	၄	ကျေးရွာဖွံ့ဖြိုး ရေး	၄	၇
၃	ကျေးရွာကြီး ကြပ်မှုကော်မတီ	၃	၄	-	၄	ဘာသာရေးနှင့် ရိုးရာဓ လေ့များ	၄	၆
၄	ဘာသာရေးဂေါ ပကအဖွဲ့	၃	၄	၁	၇	ပွဲတော်နှင့် သာ ရေး၊ နာရေး	၄	၆
၅	ကျောင်းကော်မ တီ	၃	၄	၄	၈	ပညာရေး	၄	၆
၆	ကျောင်းအကျိုး တော်ဆောင် ကော်မတီ	၃	၄	-	၄	ပညာရေး	၅	၇
၇	ကျန်းမာရေး ကော်မတီ	၃	၅	၄	၉	ကျန်းမာရေး	၅	၇

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာမှာ ငယ်သော်လည်း အဖွဲ့အစည်းပေါင်း ၇ ဖွဲ့ရှိသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အ စည်း အားလုံးကို ကျေးရွာသူ /သားများ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

၂။ ၎င်းအဖွဲ့ ၇ ဖွဲ့အနက် ၄ ဖွဲ့သည် ကျေးရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထား သော အဖွဲ့များဖြစ်သဖြင့် ပြင်ပမှ လာရောက်ဖွဲ့ပေးသော အဖွဲ့များထက် ပိုမိုတောင့်တင်းပြီး လုပ်ငန်းလည်ပတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ဦးဆောင်မှု၊ စည်းရုံးမှု၊ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှု၊ ရေရှည်တည်တံ့ မှု ပိုမို ကောင်း မွန်သည်။

၃။ ကျေးရွာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကော်မတီဖွဲ့ရာတွင် အမျိုးသမီးနှင့် လူငယ်များ ပါဝင် ခွင့် အားနည်း နေသေးပြီး အဖွဲ့များ စုစည်းမှု မရှိပဲသီးခြားစီရပ်တည်နေကြသည်

၂.၁.၂။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များ နှင့် အစီအစဉ်
၁	Care Myanmar	၂	စိုက်၊မွေး၊ ကျန်းမာရေး၊ ပညာရေး၊ အခြေခံဆောက်လုပ်ရေး၊ နည်း ပညာ။

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ

လေ့လာတွေ့ရှိချက်။

၁။ ၂၀၀၉ ခုနှစ်မှစ၍ Care Myanmar + EU + ကဲယားဖူးအဖွဲ့နှင့် ပူးပေါင်းကာ ကျန်းမာရေး ပညာရေးနှင့်စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်းများကို လုပ်ဆောင် ခဲ့သည်။

၂။ Care Myanmar သည် ၂၀၁၄ တွင်စီမံကိန်းပြီးဆုံးပြီး လက်ရှိ ၂၀၁၅ အထိ EU နှင့် ကဲယားဖူးတို့ ပူပေါင်း ကာ ၂၀၁၅ ထိလုပ်ဆောင်လျှက်ရှိသည်။

၂.၂။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁။ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၄	၃.၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၁၆	၁၂.၉	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၂၂	၁၇.၇	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၇၅	၆၀.၅	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၇	၅.၆	

ရည်ညွှန်း .. ကျေးရွာအခြေအနေကိုကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဥစ္စာအဆင့် ၃ နှင့် ၄ တွင်ရှိသော မိသားစုများမှာမြေယာမဲ့နှင့် ၅ ဧကအောက် တောင်သူငယ်များဖြစ်ပြီး ၄၂ ဦး (၃၃.၉%) ခန့်ရှိသည်။ ၎င်းတို့မှာ လယ်ယာလုပ်ငန်းခွင်တွင်၄င်း၊ လက်သမား၊ ပန်းရံ ကျဗန်းနေ့စားအဖြစ် လုပ်ကိုင် စားသောက်ကြသည်။

၂။ ၈၂ အိမ်ထောင်စု (၆၆.၁%) သာလျှင် လယ်နှင့်ယာကို ၅ ဧကအထက်ပိုင်ဆိုင်လုပ်ကိုင်ကြ ပြီး ၆ လအထက် ဝမ်း စာဖူလုံကြ သည်။

၃။ ပြေလည်နှင့် အလယ်အလတ်အဆင့်ရှိသူများသာ လယ်မြေနှင့် စိုက်ပျိုးရေးသုံး စက်ကရိယာများကို ပိုင်ဆိုင် ပြီး ဝမ်းစာဖူလုံမှုရှိသည်။

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တနှစ်ပတ်လုံး/ ရာသီအလိုက်)
၁	ဆည်မြောင်း	ရေကန် (၂ + ၃)	(၂၀၀ + ၁၈၀)	မိုးရာသီတွင်သာ ရရှိနိုင်သည်။ လုံလောက် စွာမရပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ရေကန်အမှတ် ၂ မှစိုက်ပျိုးနိုင်သော စပါး ဧကမှာ ၂၀၀ ခန့်နှင့် ရေကန် အမှတ် ၃ မှ စိုက်ပျိုးနိုင်သော စပါး ဧက မှာ ၁၈၀ ခန့်ရှိပြီး မိုးကောင်းပါက လယ်အားလုံး စိုက်ပျိုးနိုင်သည်။

၂။ မိုးနည်းပါက စိုက်ချိန်နောက်ကျပြီး စိုက်ဧက ပြည့်မီအောင်မစိုက်နိုင်ပေ။ ကန် အမှတ် ၂ အား ရေသိုလှောင် ဧရိယာထပ်ချဲ့ပါက စပါးစိုက်ဧကများအတွက်နှင့် ထပ်တိုး ဧက ၅၀ ခန့် ရေလုံလောက်စွာ စိုက်ပျိုးနိုင်သည်။ အမှတ် - ၃ ကန်မှ ထပ်တိုးမရနိုင်ပါ။

၂.၂.၁.၃။ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၃၈၇	တင်း	၅၀	၈၀	၆၅	၈လပိုင်း - ၁၂လပိုင်း = ၅လ ကြာ	လတ်	မြင့်။	
ပြောင်း	၃၆၅	ပိသာ	၅၀၀	၈၀၀	၆၅၀	၅ လပိုင်း - ၁၀ လပိုင်း = ၆လ ကြာ	မြင့်။	နိမ့်။	
မြေပဲ	၅၀	တင်း	၃၀	၃၅	၃၂	၆လပိုင်း - ၁၁ လပိုင်း = ၅လ ကြာ	နိမ့်။	မြင့်။	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ စပါးကို အဓိကထားစိုက်ပျိုးကြပြီး လယ်နှင့် တောင်ယာတွင် စိုက်ပျိုးကြသည်။ ရေကန် အမှတ် ၂ -၃ မှ ရေလုံ လောက်စွာရရှိပါက စပါး ပိုမိုစိုက်နိုင်မည်။

၂။ မြေဆီလွှာလည်း ပျက်စီးနေသောကြောင့် စပါးအထွက်နှုန်းနည်းသည်။

၂.၂.၁.၄။ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၁၅အိမ် -၁၅ စီး		
ရိတ်သိမ်းစက်			
လက်တွန်းထွန်စက်	၆၃အိမ် - ၇၀ စီး		
ခွေလှေ့စက်	၁အိမ် - ၁စီး	၁	
ရေစုပ်စက်			
ခြေနင်းရေတင်စက်			
မျိုးစေ့ချစက်			
မြက်ရိတ်စက်	၁၁အိမ်= ၁၁စီး		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ တောင်စောင်းများတွင် ကျွဲ နွားများကို အသုံးပြုကြပြီး လယ်မြေနှင့် တောင်ယာအချို့တွင် စက်ကိုအသုံးပြု ကြ သည်။

၂။ လက်တွန်းထွန်စက် ငှားရမ်းအသုံးပြုခမှာ တစ်နာရီ -၄၀၀၀ ကျပ်ဖြစ်သည်။

၃။ မြက်ရိတ်စက်မှာ ငှားရမ်းသုံးစွဲလေ့မရှိဘဲ ကိုယ်ပိုင်လုပ်ငန်းအတွက်သာ အသုံးပြုလေ့ရှိသည်။

၂.၂.၁.၅။ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ သြဇာ)	ရှိ	မိုးကောင်းလျှင် လယ် ဧက ၃၀၀ ခန့်စိုက်ရသည်။ ကန် ၂ အား ပြုပြင် ပါ က ဧက ၅၀ ခန့်ထပ်မံတိုးချဲ့နိုင်မည်။
ရေအရင်းအမြစ်	ရှိ	ကန် ၂ အားပြန်လည်ပြုပြင်ပါက လယ်ဧက တိုးချဲ့နိုင်သည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	သဘာဝပေါက်ပင်သစ်တောများရှိသည်။ ကျွဲ၊ နွားပေါသဖြင့် သဘာဝ မြေ ဆွေး ရရှိသည်။
သြဂဲနစ်ပိုးသတ်ဆေး	ရှိ	သဘာဝပေါက်ပင်များမှရနိုင်သည်။
ချေးငွေရရှိမှု	ရှိ	စိုက်ဘဏ်မှထုတ်ချေး -အလုံအလောက်မရကြပါ။
သွင်းအားစုဈေးကွက်	ရှိ	ဒီမော့ဆိုးနှင့် လွိုင်ကော်မှ လွယ်ကူစွာရနိုင်သည်။
ဝန်ဆောင်မှုဈေးကွက်	မရှိ	ရွာတွင်းလုပ်သားပေါသည်။ ပြင်ပ company များနှင့်အဆက် အသွယ်အားနည်းသည်။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန် သွယ်မှု	ရှိ	ဒေါပိုးစီရွာ၊ ဒီမောဆိုးနှင့် လွိုင်ကော်မြို့များသို့ ရောင်းဝယ် နိုင်သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ စိုက်ဘဏ်မှ ချေးငွေ အလုံအလောက်မရသဖြင့် ပြင်ပမှငွေချေးယူရသည်။ ပြင်ပမှအတိုးနှုန်း များသောကြောင့် လယ်ဧကအပြည့်အဝမစိုက်နိုင်ပါ။ သွင်းအားစု အချိန်မှီ မထည့်နိုင်ပါ။

၂။ တောင်ယာစိုက်ခင်းဖော်ထုတ်ခြင်း၊ ဥယျာဉ်ခြံတည်ထောင်ခြင်းနှင့် ကန်အမှတ် (၂) မှ ရေလုံလောက်စွာ ရရှိ လျှင် သီးနှံထုတ်လုပ်မှု တိုးတက်နိုင်ဖွယ်ရှိသည်။

၂.၂.၁.၆။ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	မိုးမကောင်းသဖြင့် နှစ်စဉ် ပလပ်မြေများရှိသည်။
ငွေကြေးအရင်းအနှီး လက်လှမ်းမှီမှု	ရှိ	စိုက်ဘဏ်ကိုသာအားကိုးနေရသဖြင့် ချေးငွေမလုံလောက်ပါ ။
သွင်းအားစုတတ်နိုင်မှု	ရှိ	စိုက်စရိတ်မလောက် သဖြင့် လျှော့သုံးရသည်။

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ကျွမ်းကျင်လုပ်သားရှားပါး မှု	မရှိ	စိုက်ပျိုးရေးလုပ်သားလုံလောက်မှုရှိသည်။
ဆည်မြောင်းရေရရှိမှု	ရှိ	မိုးကောင်းပါ က ဧက ၃၈၀ ခန့်စိုက်နိုင်သည်။ ဆည်ရေမပြည့်ပါ က ဧက များများ မစိုက်နိုင်ပါ ။
မိုးရေမလုံလောက်မှု	ရှိ	မိုးခေါင်မှုများကြုံတွေ့ရသဖြင့် စိုက်ရေအလုံအလောက်မရနိုင်ပါ။
စိုက်ပျိုးရေသွင်းအားစုများအ ချိန်မှီအသုံးပြုနိုင်မှု	ရှိ	စိုက်စရိတ်မတတ်နိုင်သဖြင့် အချိန်မီမသုံးနိုင်ကြပါ။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	ဆစ်ပိုး၊ နီတိုနှင့် လောင်မီးပိုးဆိုးဝါးကျရောက်သည်။
နည်းပညာအကူအညီနှင့် နည်းလမ်းများ	ရှိ	Company နှင့် စိုက်ဌာနတို့မှ နည်းပညာပေးမှုအားနည်းသည်။
ဈေးကွက်လက်လှမ်းမှီမှု	မရှိ	ဒီမော့ဆိုးနှင့် လွိုင်ကော်သို့ အလွယ်တကူ သွားရောက်နိုင်သည်။
အစိုးရမူဝါဒနှင့် အစီအစဉ်	ရှိ	စိုက်ဘဏ်မှချေးငွေ လုံလောက်မှုမရှိပါ။ သီးနှံဈေးနှုန်းတည်ငြိမ်မှုမရှိ။ ကုန် သည်ပွဲစားများ၏ ခေါင်းပုံဖြတ်မှုကို ခံရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ရွှေရင်အေးစပါးတစ်မျိုးတည်းကိုသာစိုက်ပျိုးခြင်းကြောင့်ပိုးနှင့်ရောဂါကျရောက်မှုများသည်။
၂။ ရာသီဥတုနှင့် ကိုက်ညီသောမျိုးများစိုက်လျှင်ပိုကောင်းမည်။
၃။ သီးနှံအသစ်နှမ်းနှင့် ပဲပုတ်စမ်းသပ်စိုက်ပျိုးခြင်းနှင့် ရေကန်အမှတ် ၂ ကောင်းပါက သီးနှံထုတ်လုပ်မှု တိုးတက်နိုင်သည်။

၂.၂.၂။ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁။ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	**အိမ်ထောင်စု**	**မှတ်ချက်/အခြေအနေ**
မွေးမြူရေး		
နွား	၉၆	၂၇၁ ကောင် (နို့စာနွား ၂ + ခိုင်းနွား- ၂၆၉)
မြင်း	-	-
ကျွဲ	၂၁	၆၉ ကောင်
ဝက်	၉၃	၂၀၄ ကောင်
ကြက်	၁၃၉	၇၄၀ ကောင်
ဘဲ		
ငါးလုပ်ငန်း		
ငါးကန်	၃	လယ်ထဲတွင် ငါးစပါးအနေဖြင့် တပိုင်တနိုင် မွေးမြူကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ မွေးမြူရေးသီးသန့်လုပ်ကိုင်သူ ၄ အိမ် (၃.၂%) ရှိပြီး စိုက်ပျိုးရေးတွဲဖက်လုပ်ကိုင်သူ ၁၁၉ အိမ် ၉၆% နှင့် စိုက်ပျိုးရေးသီးသန့် (၁ အိမ် - ၀.၈%)ရှိသည်။

၂။ မွေးမြူရေးကို စီးပွါးဖြစ်မွေးမြူလေ့ မရှိကြပါ။ အကြောင်းမှာ ဈေးကွက်အတွက် လွတ်လပ်စွာ ရောင်းချခွင့်လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန်ခက်ခဲခြင်းနှင့် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ်ခံရခြင်း၊ နှစ်စဉ်ကျရောက်သောရောဂါများကို ကာကွယ်နိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှု မရရှိသောကြောင့် ဖြစ်သည်။

၃။ အစိုးရဌာနနှင့် အဖွဲ့အစည်းများ၏ နည်းပညာဝန်ဆောင်မှု လက်လှမ်းမမီနိုင်သဖြင့် မွေးမြူရေးတောင်သူ များ ထုတ်လုပ်မှုနည်းပြီး အမြတ်အစွန်းလည်း နည်းသည်။

၂.၂.၂.၂။ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	အမှတ် (၁၀၂) တပ်ရင်းနှင့် ကျေးရွာပိုင် ဘောလုံးကွင်းတွင် လွတ်ကျောင်း
ရေရရှိမှု	ကန်အမှတ် (၂ + ၃) မှ ရေရရှိသည်။
တိရစ္ဆာန်မျိုး	ကျေးရွာတွင်ရရှိနိုင်သည်။
ချေးငွေ	ချေးငွေဖြင့်မွေးမြူသူနည်းသည်။ ကိုယ်ပိုင်မွေးကြသည်။ ချေးငွေချိတ်ဆက်မှုမရှိကြပါ။
သွင်းအားစုဈေးကွက်	အစားအစာပေါ သည်။ မွေးရန်နေရာရှိသည်။
ဝန်ဆောင်မှုဈေးကွက်	တိ-ကု သင်တန်းသားရှိသည်။
ထုတ်ကုန်ရောင်းဝယ်မှု	ရွာအတွင်း ပွဲတော်များနှင့် မြို့ဈေးကွက်သို့ ရောင်းချကြသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	မွေးမြူရန်နေရာရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာနှင့်လယ်ပတ်ဝန်းကျင်တွင်လွတ်ကျောင်းနိုင်ပြီး လယ်စပါးမှရရှိသော ကောက်ရိုးများနှင့် အစာစိမ်းများပေါများသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရန်အိမ်ခြံဝင်းရှိသည်။ စားကျက်မြေသီးသန့်မရှိသော်လည်း လွတ်ကျောင်း ရန်နေရာများရှိပါသည်။ ကောက်ရိုးများလည်းအလွန်ပေါပါသည်။

၂။ မွေးမြူရေးသီးသန့် ချေးငွေမရှိသောကြောင့် အရင်းအနှီး လုံလောက်မှုမရှိ။

၃။ ဈေးကွက်နှင့်နီးသည်။ ဈေးကွက်ကောင်းပြီးအလုံအလောက်ရှိသည်။ တိမွေးကုသင်တန်းသားလည်းရှိသည်။

၄။ မျိုးကောင်းမျိုးသန့် လက်လှမ်းမမီကြသောကြောင့် ဒေသမျိုးကြက်၊ ဝက်ကိုသာ မွေးမြူကြသည်။ အချို့ဆင်းရဲသော အိမ်ထောင်စုများအရင်းအနှီးမတတ်နိုင်ကြသောကြောင့် မမွေးနိုင်ကြပါ။ သွင်းအားစုများကိုလည်း အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

၅။ ကျွဲ၊ နွားများကို လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြပြီး ကြက်နှင့်ဝက်များကို မိသားစုစားသုံးရန်နှင့် မိသားစု ဝင်ငွေရရန်အတွက် မွေးမြူကြသည်။ ကြက်နှင့် ဝက်များရောဂါကျရောက်မှုများသည်။ ကာကွယ်ဆေးထိုးခြင်း အလေ့အထအားနည်းသည်။

၂.၂.၂.၃။ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမှီမှု	အလွယ်တကူမရရှိနိုင်ပါ။ ငွေချေးစနစ်သီးသန့်မရှိပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	များပြားပြီး ကာကွယ်ဆေးထိုးမှု အလေ့အထအားနည်းသည်။
သွင်းအားစုဈေးကွက်	မျိုးနှင့်အစားအစာကို ကျေးရွာတွင်ရနိုင်သည်။
ဝန်ဆောင်မှုဈေးကွက်	တိ-ကုသင်တန်းသားရှိသည်။ မွမ်းမံသင်တန်းပေးရန်လိုသည်။ အစိုးရ တိမွေးကု ဌာနမှ နည်းပညာဝန်ဆောင်မှု မရကြပါ။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	ရိုးရာပွဲတော်များနှင့် မြို့ဈေးကွက်တွင် ရောင်းကြသည်။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	မွေးမြူကုသရေးဆိုင်ရာ ဗဟုသုတအားနည်းသည်။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမှီမှု	စီးပွားဖြစ်မွေးမြူသူမရှိပါ။ လိုင်စင်ရရန်အခက်အခဲရှိသည်။
မျိုးကောင်းမျိုးသန့်	
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	
အရင်းအနှီးလက်လှမ်းမှီမှု	
အခြား	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ မွေးမြူကုသရေးဆိုင်ရာသင်တန်းနှင့် ကာကွယ်ကုသရေးထိရောက်သော ဝန်ဆောင်မှုမရှိ။

၂။ တိရိစ္ဆာန်များကြိုတင်ကာကွယ်စောင့်ရှောက်မှုစနစ်မရှိပါ။ စနစ်တကျမွေးမြူနည်းစနစ်လိုအပ်ပါသည်။ ဗဟု သုတ အသိပညာအတွေ့အကြုံမရှိပါ။

၃။ ဆေးကုသစရိတ်လည်းမြင့်သည်။ အစာစရိတ်မြင့်သည်။

၄။ မိမိခြံထွက် တိရစ္ဆာန်များအား လွတ်လပ်စွာရောင်းဝယ်ခွင့်မရှိ။ သားသတ်လိုင်စင်ရရန် ခက်ခဲသည်။ လိုင် စင်ရှိ သူ၏ ခေါင်းပုံဖြတ်မှု ခံကြရသည်။

၂.၂.၃။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နှိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ် လုပ်ရေးနှင့် သဘာဝအရင်းအမြစ် များထုတ်လုပ်ခြင်း	၇			ကျောက်၊ ထင်း၊သဘာဝဟင်းသီး ဟင်းရွက် ထုတ်ရောင်းသူ ၇ ဦး။

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ်သ မား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၂	ထုတ်ကုန်လုပ်ငန်း	၂၈	၂		ဆန်စက်-၁၊ ဆန်စက်အလုပ် သမားလက်ထောက် ၂၊ ရိုးရာ ယက္ကန်း-၇၊၀ါးထရံယက်သူ ၂၀
၃	လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေး ဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း		၁၀		လက်သမား - ၇ ၊ပန်းရံ -၃၊
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)	၁၆			စက်ချုပ်သူ ၁၆ ဦး၊
၇	လက်လီ-လက်ကား ရောင်းဝယ် ရေး	၁၃			ကုန်စုံဆိုင်-၃၊ ဓာတ်ဆီဆိုင် ၅၊ ဈေးဆိုင် ၅။
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ် ငန်း		၁		လွိုင်ကော်စား သောက်ဆိုင်-၁ ဦး။
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၁၁			သယ်ယူပို့ဆောင်ရေး ၅ ဦး၊ ကားမောင်း-၆ ဦး။
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင်ငွေကြေး ဝန်ဆောင် မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှား ရမ်း ခြင်း နှင့် ဆက်စပ်သော လုပ်ငန်း များ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်း များ (အုပ်ချုပ်ရေး၊ ကာကွယ် ရေး နှင့် ဘေးကင်းလုံခြုံရေး)		၁၀		အစိုးရဝန်ထမ်း။
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင် များ(အထက်ဖော်ပြပါလုပ်ငန်း များမှအပ)		၃၅		ဘော်လခဲတွင် နှမ်းစိုက်သူ ၅ ဦး၊ ရက္ကန်း၊ ကျဗန်းလွ ဆွဲသူ ၃၀ ဦး။
၁၇	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သူ များ		၅		NGO ဝန်ထမ်း ၅ ဦး။
	စုစုပေါင်း	**၇၅**	**၆၃**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းအရေအတွက် ၇၅ ခု ရှိပြီး အလုပ်သမားလုပ်ကိုင်သူ ၆၃ ဦးရှိသည်။

၂။ ပန်းရံ၊ လက်သမား ကျွမ်းကျင်သူ (၁၀) ဦး ရှိသော်လည်း အလုပ်အကိုင်အမြဲမရှိ။ ပုံမှန် ဝင်ငွေမရ။ နေ့စားအ လုပ်ကြမ်း လုပ်သားအိမ်ထောင်စု (၃၀) မှာ အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်မရှိ။ စားဝတ်နေရေး ပြေလည်မှုမရှိ။

၃။ ကျဗန်းနှင့် တောင်သူငယ်များအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားလုပ်ခြင်းသည်၊ အဓိကလုပ်ငန်းဖြစ် သော်လည်း မွေးမြူရေးနှင့် အခြားလုပ်ငန်းများကို တွဲဖက်လုပ် ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြသည်။

၄။ လယ်ယာစိုက်ချိန် ရိတ်ချိန်တွင် အလုပ်ပေါပြီး ကျန်အချိန်များ အလုပ်ခက်ခဲသည်။ အကြွေးယူ (သို့မဟုတ်) လုပ် အားကြိုရောင်းခြင်း စားဝတ်နေရေးကိုဖြေရှင်းရသည်။

၂.၂.၃.၂။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
လူနှင့် လုပ်အားရှိသည်။	ငွေကြေးအရင်းအနှီးမရှိ။ အလုပ်အကိုင်အခွင့် အလမ်းမရှိ။ အဆက်အသွယ်မရှိ။ အသက်မွေးဝမ်းကျွမ်းကျင်မှုမရှိ။
ရိုးရာယက်ကန်း တိုးချဲ့နိုင်သည်။ စက်ချုပ်၊ လက်သမား၊ ပန်းရံ၊ ယဉ်မောင်း၊ သစ်လွှဆွဲ စသည် ကျွမ်းကျင်သူများ ရှိသည်။	ငွေကြေးအရင်းအနှီးမရှိ။ ဝင်ငွေတိုးလုပ်ငန်းများအတွက် အစိုးရ မူဝါဒအားနည်းသည်။
သင်ယူချင်စိတ်ရှိသောလူငယ်များသည်။	အသက်မွေးဝမ်းကျောင်းအတတ်ပညာ ကျွမ်းကျင် မှုနည်းသည်။ သင်တန်းတက်ရောက်ရန် ကုန်ကျစ ရိတ်မတတ်နိုင်၊ အဆက်အ သွယ်မရှိကြပါ။ အလုပ်အကိုင်အခွင့်အလမ်းနည်းသည်။ အစိုးရ မူဝါဒအားနည်းသည်။
လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ကောင်းသည်။	ဈေးကွက်ချိတ်ဆက်မှုမရှိ။ ပုံမှန်သွားလာသည့် သယ်ယူပို့ ဆောင်ရေးယဉ်မရှိပါ။
မီးရရှိပါက အိမ်တွင်းမှုလုပ်ငန်းပိုလုပ်နိုင်မည်။	လျှပ်စစ်မီးမရရှိသေးပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကျပန်းမိသားစုများအတွက် ငွေကြေးအရင်းအနှီးမရှိ။ အလုပ်နှင့်ဝင်ငွေပုံမှန်မရှိ။ အလုပ်အကိုင် အခွင့်အ လမ်း နည်းသည်။

၂။ အသက်မွေးဝမ်း အတတ်ပညာကျွမ်းကျင်မှု နည်းခြင်း။

၃။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ အချိတ်အဆက်၊ အဆက်အသွယ် နည်းပါးခြင်း။

၄။ ရိုးရာယက်ကန်းလုပ်ငန်းအား ပိုမိုမြှင့်တင်ပေးခြင်းဖြင့် အလုပ်အကိုင်ပိုမိုရရှိလာနိုင်သည်။

၅။ ဒေသတွင်း ကျောက်တောင်များမှာ ကျောက်၊ဖြူးနှင့် အုတ်လုပ်ငန်းလုပ်ဆောင်နိုင်သည်။

၂.၃။ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမှီမှု	**အနီးဆုံးဈေး**	**အကြီးစားဈေးကွက်**
ရွာမှအကွာအဝေး(ကီလိုမီတာ)	ငွေတောင်ဈေး-၄.၈ ကီလိုမီတာ	ဒီမော့ဆို- ၅၊ လွိုင်ကော် ၂၁.၆ ကီလို မီတာ
သယ်ယူ ပို့ဆောင်ရေးလမ်းကြောင်းနှင့်ဂျင်း၏အထောက်အပံ့များ	ဂဝံကျောက်ခင်းလမ်း၊ ထော်လာကျီ၊ ဆိုင် ကယ်ဖြင့်သွားလာကြသည်။	ဂဝံကျောက်ခင်းလမ်း၊ ကတ္တရာလမ်းထော်လာကျီ၊ ဆိုင်ကယ်ဖြင့် သွား လာကြ သည်။
ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု	ငွေချေးခြင်းနှင့်ပစ္စည်းအကြွေးယူ ရန်စိုက်ပျိုးရေးပစ္စည်း၊ စက်ပစ္စည်းများ၊စိုက်ပျိုးရေး အတွက်ရောင်း၊ ဝယ်ခြင်းများကို ဝန်ဆောင် မှုရနိုင်သည်။ ချေးငွေမှာ ၈% အတိုး ဖြစ်သည်။	ဒီမောဆို မီးဖိုချောင်သုံးပစည်း လွိုင်ကော် သို့ကုန်ပစည်းမျိုးစုံ ဝယ်ယူရန်။ စိုက်ပျိုး ရေးထွက်ကုန်များနှင့်ကုန်ပစ္စည်း မျိုးစုံရောင်း ဝယ်နိုင်သည်။
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	အုတ်၊သမဲတလင်း၊သွပ်မိုး၊အုပ်ညှပ် ဝန်ဆောင်မှုမျိုးစုံရနိုင်သည်။	အုတ်၊သမဲတလင်း၊တိုက်တန်း ဝန်ဆောင်မှုမျိုးစုံရနိုင်သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ငွေတောင်နှင့် ဒီးမော့ဆိုဈေးများသို့ သီးနှံရောင်းဝယ်ရန်နှင့် ငွေချေးရန် အဓိကထား သွားကြသည်။

၂။ လွိုင်ကော်ဈေးသို့ သီးနှံများများရောင်းရန်၊ ကုန်မာနှင့် စက်ပစ္စည်းများ စိုက်ပျိုးရေးပစ္စည်းများ ဝယ်ယူရန် သွား ကြသည်။

၂.၄။ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေးဝန်ဆောင်မှုအမျိုး အစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်းလို အပ်မှု	ချေးငွေရရန် အခက် အခဲများ
အစိုးရဘဏ်	ချေးငွေ (၁ ဧက မှ - ၁၀ ဧက ထိ)	၅-၆လကြာ	၇၅ ပြား	လယ်ယာပိုင်ဆိုင်မှု	လိုသလောက်မရ
ပုဂ္ဂလိကဘဏ်					
ပုဂ္ဂလိက အသေးစား ချေးငွေဝန်ဆောင်မှုကဏ္ဍ					
အဖွဲ့အလိုက်ငွေစု/ငွေချေး အစီအစဉ်	Care ငွေစုစိုက်မွေးရံပုံ ငွေ (၆၈ သိန်း)	၅လ	၃%	မလို	မရှိ
ငွေချေးပေးသူ	စိုက်သွင်းအားစုအတွက်	အကန့်အသတ်မရှိ။	၄%	မလို	မရှိ
အပေါင်ဆိုင်	ကျန်းမာရေး	အကန့်အသတ်မရှိ။	၃-၄%	ရှေ	ပစ္စည်းတန်ဖိုးအပေါ်မူတည်သည်။
မိတ်ဆွေနှင့်ဆွေမျိုးများ	ပမ်းစာရေး	အကန့်အသတ်မရှိ။	မရှိ	မလို	လုပ်အားခဖြင့် ဆပ်ရသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ စိုက်ဘဏ်ချေးငွေအချိန်မီမရ၊ လုံလောက်မှုမရှိ။ ပြန်ဆပ်ချိန် တင်းကြပ်လွန်းသည်။

၂။ အပေါင်ဆိုင်မှ ချေးငွေကို အတိုးကြီးပေးချေးယူ စိုက်ပျိုးပြီးမှသာ စိုက်ဘဏ် ချေးငွေကို ရကြသည်။ မိတ်ဆွေထံမှ ချေးယူပါက အတိုးနှုန်းများပြီ လိုသလောက်ချေးယူနိုင်ခြင်းမရှိပါ။

၃။ Care မှငွေစုငွေချေးအဖွဲ့မှာ အဖွဲ့ဝင်များသာချေးလို့ရပြီး အဖွဲ့ဝင် ဦးရေ ၄၂ ဦးကိုသာ ချေးခွင့်ရသည်။ ကျန်ရွာ သားများချေးမရပါ။

၄။ လွိုင်ကော်နှင့် မိုးဗြဲရှိ အပေါင်ဆိုင်၊ ပွဲစား၊ ပွဲရုံ စသည်တို့မှငွေချေးငှားပါက အပေါင်ခံပစ္စည်းရှိမှသာ ငွေချေး နိုင်ကြသည်။

၂.၅။ သဘာဝဘေးအန္တရာယ်လျော့ချခြင်း အပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက် အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိ မှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	ရှိ	မြေဆီလွှာထိန်းသိမ်းမှုမရှိ။
အပင်မျိုးစိတ်များ	ရှိ	သစ်တောကြိုးဝိုင်းဖြင့် ကာကွယ်ထားသော်လည်း ထုတ်ယူသုံးစွဲမှုများသဖြင့် သစ်နှင့် ထင်းများ ရှားပါးလာသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	မရှိ	မိရိုးဖလာအတိုင်းစိုက်ပျိုးသည်။
ရေအရင်းအမြစ်	မရှိ	သောက်သုံးရေအတွက်သာရသည်။ ထုံးဓာတ်များသောကြောင့်သောက် ရန် မသင့်ပါ။
ငါးမျိုးကွဲများ	မရှိ	သဘာဝအတိုင်းမွေးမြူထားသည်။ (ကာကွယ်မှုလုပ်ထားသည်။)
အခြားတိရိစ္ဆာန်မျိုးကွဲများ	ရှိ	ချေ - ယုန် - တောဝက်များရှားပါးလာသည်။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲ မှု	ရှိ	စနစ်တကျစွန့်ပစ်မှုမရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုများစွာအားနည်းပြီး ရှားပါးမှု ဖြစ်ပေါ်လျက်ရှိသည်။

၂။ ငါးမျိုးများနှင့် အခြားတိရစ္ဆာန်များ ထိန်းသိမ်းမှု၊ စီမံခန့်ခွဲမှု အားနည်းပြီး သဘာဝအရင်းအမြစ် ထိန်းသိမ်းမှု အန္တရာယ်ရှိသည်။

၃။ မြေဆီလွှာထိန်းသိမ်းမှုလည်း မရှိကြပါ။

၄။ ပိုးသတ်ဆေးဗူးခွံများကိုလည်း စနစ်တကျ စွန့်ပစ်ခြင်းမရှိသောကြောင့် ပါတ်ဝန်ကျင် သန့်ရှင်းမှု နည်းလာ သည်။

၅။ သစ်တောများလည်းထုတ်ယူသုံးစွဲမှုများပြီး သစ်တောပြုန်းတီးလာသဖြင့်စိမ့်စမ်းရေထွက်များလည်းတဖြည်း ဖြည်း ခမ်းခြောက်လာသည်။

၂.၅.၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

အမျိုးအစား	အန္တရာယ်ဖြစ်နိုင်ခြေ(နည်း/လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျော့ချရေးအလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	မရှိ	-	-
မီးဘေး	နည်း	မီးလောင်မှုသိပ်မရှိ	-
မုန်တိုင်း	မရှိ	-	-
ငလျင်	နည်း	-	-
မိုးခေါင်ခြင်း	များ	၃ နှစ်ဆက်တိုက်မိုးခေါင်ခဲ့သည်။	မရှိသေး။
အအေးလှိုင်း	နည်း	-	-
ပဋိပက္ခ ဖြစ်ပွားမှု	လတ်	ရေရရှိရေးပြဿနာဖြစ်တတ်သည်။	-
တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု	လတ်	ကြက်နာ ဝက်နာကျ နွားရောဂါများ ရှိသည်။	တိ-ကု သင်တန်းသားရှိသည်။
လူရောဂါဖြစ်ပွါးမှု	လတ်	ရာသီဖျား -ယားနာ-တုတ်ကွေး	ဆေးပေးခန်းရှိသော်လည်း ကျန်းမာရေးအသိမရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ အခြားသဘာဝဘေးလျော့ချရေးအစီအစဉ် အလေ့အထမရှိ။ဗဟုသုတနှင့်ကျွမ်းကျင်မှု မရှိကြပါ။

၂။ တခါတရံ တိရိစ္ဆာန်ရောဂါများ ဆိုးဝါးစွာ ကျရောက် ဆုံးရှုံးလေ့ရှိသည်။ ကာကွယ်ဆေးထိုးခြင်း အလေ့အထ မရှိ။

၂.၆။ ပညာရေး

၂.၆.၁။ ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	၉နှစ်နှင့်အထက်၊ကျောင်းနေလူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၂၁	၅၉	၈၀	၁၅.၃
ဘာသာရေးအခြေပြုပညာရေး	၃	၁	၄	၀.၈
မူလတန်းပညာရေးပြီးဆုံးသူများ	၇၈	၇၄	၁၅၂	၂၉.၁
အလယ်တန်းပညာရေးပြီးဆုံးသူများ	၈၈	၆၉	၁၅၇	၃၀.၁
အထက်တန်းပညာရေးပြီးဆုံးသူများ	၄၁	၄၉	၉၀	၁၇.၂
တက္ကသိုလ်ပညာပြီးဆုံးသူများ	၆	၁၄	၂၀	၃.၈
တက္ကသိုလ်တက်ရောက်နေသူများ	၁၂	၇	၁၉	၃.၆
၉ နှစ်အထက်လူဦးရေပေါင်း (၂၇)	၂၄၉	၂၇၃	၅၂၂	၁၀၀

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာတွင် လုံးဝစာမတတ်သူ ၈၀ ဦး (၁၅.၃%) ရှိသည်။

၂။ မူလတန်းပညာရေးပြီးဆုံးသူ၊ စာရေးစာဖတ်တတ်သူများသော်လည်း ဘွဲ့ရပညာတတ်သူ နည်းသည်။ အကြောင်းမှာ ကျေးရွာတွင် မူလတန်းအထိ စာသင်ကျောင်းရှိသော်လည်း အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်များမှာ ဝေးပြီး မိဘ များမှ ဆင်းရဲသောကြောင့် ကျောင်းဆက်မထားနိုင်ကြပါ။

၂.၆.၂။ ကျောင်းအပ်နှံန်း

ဇယား (၂၈) ကျောင်းအပ်နှံန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ်လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၁၆	၁၆	၃၂	၂၀၀%
အလယ်တန်း (၁၀-၁၄နှစ်)	၃၃	၄၆	၇၉	၂၁၉%
အထက်တန်း (၁၅-၁၆နှစ်ကြား)	၃	၇	၁၀	
တက္ကသိုလ်ကျောင်းသား၊သူ	၁၂	၇	၁၉	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ မူလတန်းတွင် ကျောင်းသားဦးရေမှာ ကျေးရွာကလေးဦးရေထက် ပိုများနေရခြင်းမှာ အချို့ ကလေးများမှာ ၅ နှစ်ကျော်မှ ကျောင်းနေခြင်း ကြောင့်ဖြစ်သည်။

၂။ အသက်အရွယ်အပိုင်းအခြားအရ အလယ်တန်း ကျောင်းသားဦးရေ လျော့နည်းနေရခြင်းမှာ လည်း ကျောင်းသားများ အသက်ကြီးမှ ကျောင်းနေရခြင်းနှင့် မိဘများဆင်းရဲသောကြောင့် အလယ်တန်းကို ကျောင်းဆက် မထား နိုင်ခြင်းကြောင့် ဖြစ်သည်။

၃။ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားဦးရေ သိသိသာသာ လျော့နည်းရခြင်းမှာ အခြားသို့ ကျောင်းဆက် ထားရန် မတတ်နိုင်သောကြောင့် ဖြစ်သည်။

၄။ မူကြိုကျောင်းရှိပြီး (က ၇ + မ ၈) = ၁၅ ဦးတက်ရောက်နေသည်။

၅။ ရွာမူလတန်းကျောင်းတွင် ကလေးများအရည်အသွေးမပြည့်မှီသော့ကြောင့်ဆရာနှင့် ကျောင်း သားများ အရည်အ သွေးမြှင့် ရန်လိုအပ်သည်။

၂.၆.၃။ စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း	အလယ်တန်းကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျေးရွာတွင်း	ငွေတောင်
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	လမ်းလျှောက်	စက်ဘီး-ဆိုင်ကယ်
စာသင်ကျောင်းအရွယ်အစား(အလျား၊ အနံ၊အမြင့်)	(၁၂၀ × ၃၀ × ၁၂) ပေ (၆၀ × ၃၀ × ၁၆) ပေ	-
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ် -အုပ်ညှပ်-	တိုက်အဆောက်အဦးကောင်း

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
	သမံတလင်းခင်း			သည်။		
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	လုံလောက်မှုရှိသည်။					
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	မ	ကျား	ပေါင်း
	၂	၄	၆			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ မူကြိုကျောင်းသီးသန့်မရှိ။ မူလတန်းကျောင်းတွင် ဖွင့်လှစ်ထားသည်။ မူကြိုဆရာမကို ကျေးရွာမှဌားရမ်း ထား သည်။ ကျေးရွာမှနေ့စား ၂ ဦးနေ့စားလပေးထားသည်။ မူကြိုလစာမှာ ၉၀၀၀၀ ကျပ်ဖြစ်သည်။

၂။ ယင်လုံအိမ်သာလုံလောက် သော်လည်း သောက်သုံးရေသန့်ရရှိရန်လိုအပ်သည်။

၂.၆.၄။ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၆
တပည့် - ဆရာ အချိုး	၃၂/၆ = ၅.၃/၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	ကလေးညဏ်ရည်မမှီ၊ ဆင်းရဲသောကြောင့် မိဘမှ အားမပေး ပါ ။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	မလုံလောက်ပါ ။ မိဘများမှ ကြိုးစားရှာပေးသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	၃၀ % ခန့်ရှိ မတတ်နိုင်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	ကောင်းမွန်သည်။ ကျောင်သားများ ပညာရေး အားပေး ရန်လိုအပ်သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ဆရာနှင့် တပည့် အရေအတွက် အချိုးညီမျှမှုရှိသည်။

၂။ မိဘဆရာအသင်းမရှိ။ ကျောင်းကော်မတီသာရှိ သည်။ ကျောင်းကော်မတီမှ ပညာရေးနှင့် ပတ်သက်၍ လစဉ် ဆွေးနွေးပွဲ ပြုလုပ်သည်။

၂.၇။ ကျန်းမာရေးနှင့် အာဟာရ

၂.၇.၁။ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁.ယားနာ	၂.တုတ်ကွေး -ငှက်ဖျား	၃.မျက်စိမှုန်	၄.ကိုယ်တပိုင်းသေ
၅.သွေးတိုး	၆.တီဘီ	၇.ကာလဇမ်းရောဂါ	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ယားနာဖြစ်ပွားမှု အဖြစ်များသည် ရေသန့်ရှင်းမှုမရှိ။

၂။ ပိုးသတ်ဆေးစနစ်တကျသုံးစွဲမှု မရှိသောကြောင့် မျက်စိမှုန်များလာသည်။ တီဘီ ရောဂါဖြစ်ပွားသူကုသမှုမရှိ။

၂.၇.၂။ ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီးအကွာအဝေး(ကီလို)	အခန်း/ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာ ရေး ဌာန	ရွာတွင်း	မရှိ	သားဖွားဆရာမ ( ) ဦး၊ ကြီးကြပ်-၁ ( ) ဦး	မလုံလောက်	ဆေး၀ါးမလုံလောက်တစ်ပတ် ၃ ရက်သာဆေးခန်းဖွင့်
ဆေးရုံ	လွိုင်ကော် ၁၇.၆	ရှိ	ဆရာဝန် ( ) ဦး သူနာပြု - ( ) အခြား - ( )	လုံလောက်	
ဆေးဆိုင်	လွိုင်ကော် ၁၇.၆	ရှိ	မိုးဗြဲနှင့်လွိုက်ကော် မြို့များတွင်သာ ဆေး၀ါးကျွမ်းကျင် သူရှိသည်။	လက်လှမ်းမှီမှု ဆေး၀ါး.... သိုလှောင်ပုံစနစ် - ဗီရိုထည့် အအေးခန်းစနစ်	သက်တမ်းလွန် ရောင်းသည်။အ အေးခန်းစနစ် မရှိ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ဆေး၀ါး ပရိဘောဂပစည်း လုံလောက် မှုမရှိ။

၂။ လက်ရှိအဆောက်အဦးမှာ (၁၈ × ၁၂ × ၇.၅) ပေ အရွယ်ပျဉ်ခင်းပျဉ်ကာသွပ်မိုးဖြစ်ပြီး ပျက်စီးနေသည်။

၂.၇.၃။ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေအတွက်	အကောင်း/အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း	၅၀	ကောင်း	-	Â	Â	နွေရေခမ်း
အဝီစိတွင်း			-	-	-	
အဝီစိတွင်း၊ စက်တွင်း	၁	ကောင်း	Â	Â	Â	ရေရှိမှုနည်း
ကန်	၃	ကောင်း	Â	Â	Â	ကန်-၁ သောက်သုံးရေနည်း
မြစ်/ချောင်း			-	-	-	-
မိုးရေသိုလှောင်ကန်	၂	ကောင်း		Â		ရေမလုံလောက်
စိမ့်စမ်းရေသွယ်တန်းခြင်း	၁	ဆိုး	မရ	မရ	မရ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ယခုလက်ရှိ စိမ့်စမ်းရေသွယ်တန်းထားသောရေပိုက်သည် ရေမလာသောကြောင့် ပြောင်းလဲသွယ်ယူရန် လို အပ် သည်။

၂။ ဒေါတမြေးဘက်မှ သွယ်ယူမည်ဆိုပါက (၁၉၉၆၅၀) ပေသွယ်တန်းရန်လိုအပ်နေသည်။ ယခင်ပိုက် အ ဟောင်းများကို ပြန်သုံးပါက (၈၀၀၀ကျော်) လိုအပ်သည်။

၃။ ရွာအတွင်း စုပေါင်းရေလှောင်ကန် ၂ ခုမှာ ရေတလျှောက်မလုံလောက်၍ ရေကန်တွင် ရေရရှိမှုနည်း သော ကြောင့် လုံလောက်အောင် တပ်ဆင်သင့်သည်။

၂.၇.၄။ သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	*သုံးစွဲနိုင်သော အိမ်ထောင်စု*	*ရှင်းလင်းချက်*
ယင်လုံအိမ်သာ	၁၁၇	အိမ်ထောင်စုအများစု အသုံးပြု - care မှ အသိပညာပေးထား ပစ္စည်းထောက်ပံပေးသည်။
ကျင်းအိမ်သာ		
တောထိုင်		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ယင်လုံအိမ်သာ တရွာလုံး နီးပါး အသုံးပြုကြသည်။ အချို့ မှာ ၂ အိမ်ထောင် စုပေါင်းအသုံးပြုကြသည်။

၂.၈။ လမ်းတံတား အခြေအနေ

၂.၈.၁။ ကျေးရွာ၏ လမ်းတံတား တည်ရှိမှု

ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက်သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	ရာသီအလိုက်သုံးစွဲနိုင်မှု တစ်နှစ်ပါတ်လုံး	လမ်းအရှည် (ကီလိုမီတာ)
ရွာတွင်းလမ်း	၁	ဆိုး	ရွာတည်		Â	မိုင်၀က်
ချဉ်းကပ်လမ်း	၃	ကောင်း	၂၀၁၅		Â	၄- ၆ မိုင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အ လက်များ (၁-၃ ရက်၊ သြဂုတ်လ၊ ၂၀၁၅ နှစ်)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လေ့လာတွေ့ရှိချက်။

၁။ ရွာချဉ်းကပ်လမ်းကို ကျောက်ချောလမ်း ပြုပြင်ပြီးသော်လည်း ရွာအတွင်းလမ်းမှာ မြေသားလမ်းသာ ဖြစ်နေ သဖြင့် ပြုပြင်ရန်လိုအပ်ပြီး မိုးတွင်းအခါသွားလာမှု ခက်ခဲသည်။

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ ပွင့်လင်းရာသီ	အသုံးပြုနိုင်သည့်ရာသီ တစ်နှစ်လုံး
ဆိပ်ခံတံတား					
တံတား	ကုန်ထုတ် -၄	ဆိုး		Â	
ကြိုးတံတား					
ရေပြွန်	၄- တံတားအောက်		၁၉၉၉	Â	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ သြဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ တောင်ပေါ်သွားတံတားမှာ (၃၀×၁၈×၁၂) ပေ၊ ချောင်မကြီးလေး လယ်သွားတံတား၊ အမှတ် ၃ ကန်ချောင်းတံတား (၄ × ၁၂ × ၄) ပေ၊ အမှတ် ၂ ကန်ချောင်းကုန်ထုတ်တံတား (ပျဉ်ခင်း) ပျက်စီးနေသည်။

၂.၈.၂။ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု ပွင့်လင်းရာသီ	ရာသီအလိုက်သုံးစွဲနိုင်မှု တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း				
ပင်လယ်ရေကြောင်း				

၁ “ လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

၂.၈.၃။ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	လှေ၊ သမ္ဘာန်	ဆိုင်ကယ်	သုံးဘီး ဆိုင်ကယ်	ထော်လာကျီ	ထရပ်ကား	နွားလှည်း
အရေအတွက်			၁၀၄		၁၃		၅

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ သယ်ယူပို့ဆောင်ရေး ဆိုင်ကယ်ကိုသာအဓိကအားထားရသည်။ လယ်ယာထွက်ကုန်နှင့် ကုန်မာများကို ထောလာကျီ နှင့် မြို့သို့သယ်ပို့ ကြသည်။ လယ်ယာ ထွက်ကုန်များကို ရွာသို့ နွားလှည်းနှင့်သယ်ယူကြသည်။

၂.၉။ လျှပ်စစ်မီး ရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း ဆိုလာစနစ် အသေးစားရေအားလျှပ်စစ် ဒီဇယ်သုံးအင်ဂျင် လေစွမ်းအင် ဇီဝလောင်စာ(ဖယောင်းတိုင်)	၈၂ ၄၂	ကောင်း ညံ့။	ရရှိရန်ကြိုးပမ်းနေကြသည်။ မရှိ။ မီးဘေးအန္တရာယ်ရှိသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာထိ လျှပ်စစ်မီးကြိုးနှင့် ထရန်စမော်မာရောက်ရှိပြီးဖြစ်သည်။ ကျေးရွာမှ ၁၂၅ သိန်းထည့်ဝင်ထားသည်။ သို့သော် ကျေးရွာမှကျပ်သိန်း ၅၀၀ ထပ်မံသွင်းရန်မတတ်နိုင်သောကြောင့် လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာ အနေဖြင့်ဆင်းရဲမှုကြောင့် မတတ်နိုင်ကြပါ။

၂.၁၀။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာနှင့်ဂျာနယ်	အခြား
အရေ အတွက်	၁၀၈	၁၆	၄၁	၅၀		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်

၁။ ကျေးရွာလူထုသည် တယ်လီဖုန်း (၁၀၈) လုံး၊ ရေဒီယို (၁၆) လုံး၊ ရုပ်မြင်သံကြား (၅၀) လုံးရှိသည်။

၂။ ကျေးရွာတွင် အိမ်ထောင်စုများများ ဖုန်းသုံးနိုင်ပြီး ဆက်သွယ်ရေးကောင်းမွန်သည်။ လူငယ်များအင်တာနက်လက်လှမ်းမှီသည်။ သို့သော်သတင်းနှင့်နည်းပညာ လေ့လာမှုအားနည်းသည်။

၂.၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	မရှိ	အိမ်တိုင်းလိုလို တီဗွီ၊ ဗွီဒီယိုရှိသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	တက်ကြွစွာ ပါဝင်ကြသည်။
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင်ဝန်ဆောင်မှုများပေးသည်။
အားကစားပစ္စည်းများအားလက်လှမ်းမှီမှု	မရှိ	ကျောင်းအားကစားကွင်းရှိသည်။ ကျေးရွာအားကစားကွင်း သီး ခြားမရှိပါ။
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	တက်ကြွစွာ ပါဝင်ကြသည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	လူငယ်အမျိုးသမီး၊ အမျိုးသားများ ရိုးရာကို ထိန်းသိမ်းကြသည်။
စာကြည့်တိုက်၊အင်တာနက်စသည်များအားလက်လှမ်းမှီမှု	ရှိ	ဖုန်းဖြင့် ဗိုက်ဖာ၊ ဖေ့စ်ဘုတ်၊ သတင်းဖတ်ကြသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ လူငယ်များသည်ရိုးရာ ထိန်းသိမ်းမှုနှင့် ဖွံ့ဖြိုးရေးပါဝင်ဆောင်ရွက်မှုအားကောင်းသည်။ အသိပညာ စွမ်းရည် မြှင့်ပါက ပိုမိုကောင်းနိုင်သည်။

၂။ ယခုလက်ရှိတွင် လူငယ်ရန်ပုံငွေဖြင့်လူငယ်ရိပ်သာတည်ဆောက်ထားပြီး အပြီးသတ်ရန် လိုအပ်နေသည်။ ယင်းလူငယ်ရိပ်သာသည် လူငယ်များအပန်းဖြေရန် အားကစားပြုလုပ်ရန်၊ လူငယ်အဖွဲ့ပိုင်ပစ္စည်းများ ထိန်းသိမ်းရန်နှင့် အစည်းအဝေးပြုလုပ်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်

၂.၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁။ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	ဆက်သွယ်ရေး network၊ အများသုံး တယ်လီဖုန်း

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်	ရှိ	ကြိုတင်သတိပေးစနစ်၊ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲ ရေး ကော်မတီ၊
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များ၊ ရဲစခန်းမှ လုံခြုံရေး အကူအညီများ ရရှိမှု

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ MPT _ Telenor network ဆက်သွယ်ရေးကောင်းသည်။
၂။ ဝန်ထမ်းများသာအသက်အာမခံထားကြသည်။
၃။ ရဲစခန်းနှင့် အဆက်အသွယ်ပြုမှုအားနည်းသည်။

၂.၁၂.၂။ မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	မရှိ	မရှိ	မရှိ	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက် အလက်များ (၁-၃ ရက်၊ ဩဂုတ်လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။

၁။ ကျေးရွာ၏ ရိုးရာဓလေ့စည်ကမ်းများအရ မှုခင်းဖြစ်ပွားမှုနည်းပါးသည်။ သို့သော် လမ်းခရီး သွားလာရာတွင် အမျိုးသမီးများလုံခြုံမှုအားနည်းသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဒေါ်တံငူးကျေးရွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက် နိုင်မှုတို့မှအဓိကအချက်များဖြစ်ပါသည်။ ထို့ကြောင့်ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင် မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာအတွင်း လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ကြုံတွေ့ နေရသော အခက်အခဲနှင့် စိန်ခေါ်ချက်များ၊ နောင်လိုလား အပ်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ယင်းဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မည်ပုံ ဖော်ဆောင်မည်စသည့်တို့ သည်ပင် ဖွံ့ဖြိုးရေးဗျူဟာအတွင်း ကြောင်းကျိုးဆက်စပ် ပါဝင်ရမည် ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင်ရာတွင်အလားအလာကောင်းများ၊ ဖြစ်နိုင်ခြေများ ရှိသလို တစ်ဘက်တွင်လည်း အဟန့်အတားနှင့် စိန်ခေါ်မှုများရှိပါသည်။ ထို့ကြောင့် ကိုးကားစာရွက်စာတမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အုပ်စုအုပ်ချုပ်ရေးမှူး၊ ဒေသရှိ နားလည်တတ်သိသူများနှင့် ဆွေးနွေးမှုများ၊ ကျေးရွာရှိဦးတည်အုပ်စုများနှင့် ဆွေးနွေးချက်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများကို ဖော်ထုတ် ထားရှိပါသည်။

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လူသား အရင်း အမြစ် • အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ များပြားခြင်း။ • လူကြီး၊လူငယ်များ စုပေါင်းလက်တွဲ ဆောင်ရွက် လေ့ရှိခြင်း။ • ကျေးရွာတွင် ဖွံ့ဖြိုးရေး၊ လူမှုရေးအဖွဲ့များ ဖွဲ့စည်းထား ရှိခြင်း	• ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစု ပေါင်းမှာ ကျား (၂၃၀) ဦး နှင့် မ (၂၅၀) ဦး၊ စုစုပေါင်း (၄၈၀) ဦး ဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၈၆.၁) % ရှိပါ သည်။ လက် ရှိ အထက်တန်းပညာ တက်ရောက် သင်ကြားနေသူ(၁၀) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၁၉) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၂၀) ဦးစသည်ဖြင့် တစ်နှစ်ထက်တစ်နှစ် ပညာတတ် ဦးရေများပြားလာသောကြောင့်အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ • လူငယ်များအားကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ထိရောက်စွာ ပံ့ပိုးမှု ပေးနိုင်ပါ က ကျေးရွာ၏ လူအရင်းအမြစ်တိုးတက်မှုနှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်အလားအလာကောင်းများရှိနေပါသည်။ ထို့အပြင်ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထ ကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ် သည်။ • ကျေးရွာတွင် ဖွံ့ဖြိုးရေးကို ဦးဆောင်လုပ်ကိုင်နေသော အဖွဲ့ပေါင်း ၇ ဖွဲ့ရှိပြီး စိတ်အားထက်သန်မှုရှိသည်။
သီးနှံ ထုတ်လုပ် ရေး	• ဒီမောဆိုး၊ လွိုက်ကော်နှင့်နီးပြီး စိုက်ပျိုးရေးဆေးဝါး၊ မြေဩဇာ၊

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
• သီးနှံအထွက်တိုးစေသော အခြေအနေ ကောင်းများ	လယ်ယာသုံးစက်ကရိယာများအရစ်ကျငွေချေ စနစ်ဖြင့် ရောင်းချခြင်း များရှိသည်။ • ဈေးကွက်နှင့် ဝယ်လိုအားကောင်းသည်။ လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းပြီး မြို့နှင့်နီးသည်။ အချိန်မရွေးသွားလာ နိုင် သည်။ ဆိုင်ကယ် နှင့် ထော်လာကျီ သွားလာနိုင်သည်။ • မြန်မာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးကုမ္ပဏီများ၊ ကဲမြန်မာဖွံ့ဖြိုးရေး အဖွဲ့များ မှနည်းပညာများ ပံ့ပိုးပေးသည်။ • ကျေးရွာတွင် လယ် ၃၈၇ ဧကရှိပြီး လယ်ယာသုံးစက် ကရိယာများ ဝယ် ယူအသုံးပြုပါက အချိန်မီ ထွန်ယက် နိုင်မည်။ • လက်ရှိစပါးစိုက်ပျိုးရေးကို ရေကန်အမှတ် ၂ နှင့် ၃ မှ အသုံးပြု လျက် ရှိသည်။
တိရစ္ဆာန် မွေးမြူရေး • မွေးမြူရေးတိုးတက်ထုတ်လု ပ်ရန် အခြေအနေကောင်းများ	• တိရစ္ဆာန်မွေးမြူရန်ရေ၊မြေနှင့်စိုက်ပျိုးရေးစွန့်ပစ်အစာအလုံ လောက် ရရှိနိုင်ခြင်း။ • တိမွေးကုနှင့် အဆက်အသွယ်ပြုလုပ်နိုင်ပြီး နည်းပညာ ဝန်ဆောင် မှုကိုရရှိ နိုင်မည်။ • ဝက်၊ ကြက် ဈေးကွက် ကောင်းသည်။ • ဒီမောဆိုး၊ လွိုင်ကော်နှင့် နီးပြီး ဈေးကွက်နှင့် နီးသည်။ မွေးမြူရေး ဆေးဝါးများကို အလွယ်တကူဝယ်ယူရရှိနိုင်ပြီး အချိန်မီ ကြိုတင်ကာ ကွယ်နိုင်ပါက မွေးမြူရေးမှ အကျိုးအမြတ် ပိုမိုရရှိနိုင်ပါသည်။
စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင် ငွေရ လုပ် ငန်းများ • ဝင်ငွေတိုး အသက်မွေးဝမ်း ကျောင်း လုပ်ငန်းများ တိုး တက် စေသော အခြေအ နေကောင်းများ	• အုတ်လုပ်ငန်း၊ ဝါးယက်လုပ်ငန်း၊ စက်ချုပ်နှင့် ရိုးရာ ယက္ကန်းလုပ်ငန်း များစွာကောင်းပြီး ကျွမ်းကျင်မှုရှိသည်။ အရင်းအနှီး ထူထောင်ပြီး လုပ်ငန်းတိုးချဲ့နိုင်ပါက ဝင်ငွေ ပိုမိုကောင်းမွန်လာမည်။ • လက်ရှိတွင် ဆင်းရဲသားမိသားစုများမှာ အသက်မွေးပညာကျွမ်းကျင် မှု နည်း သောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းသည်။ • ကျေးရွာတွင် လူငယ်နှင့်ဆင်းရဲသားများမှာ အသက်မွေးပညာများကို သင်ယူ ရန် စိတ်ဝင်စားကြပြီး တက်ရောက်သင်ယူနိုင်မည်။
ချေးငွေ ဝန်ဆောင်မှု • ငွေကြေးဝန်ဆောင်မှု တိုးတက် စေသော အခြေအနေကောင်း များ	• ကျေးရွာတွင်စပါးစိုက်ပျိုးသည့်တောင်သူများအတွက်မြန်မာ့လယ်ယာဖွံ့ ဖြိုးရေးဘဏ်မှ ချေးငွေများရှိ၍အရင်း အနှီးအခက်အခဲကို အတန် အသင့် ပြေလည် စေ ပါသည်။
ပညာရေး • ပညာရေးဖွံ့ဖြိုးတိုးတက်စေ သော အခြေအ နေကောင်း များ	• စာသင်ကျောင်းဆောင် ကောင်းမွန်ပြီး ဆရာနှင့်ကျောင်း သားပြည့်စုံ ခြင်း၊ အောင်ချက်ကောင်းမွန်ခြင်း၊ မိဘဆရာ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန် ခြင်း၊ ကျောင်းပရိဘောဂအသုံးအဆောင်များ အသင့်အတင့် ပြည့်စုံကောင်း မွန်ခြင်း၊ ငွေတောင်၊ ဒီမောဆိုး၊ လွိုင်ကော်တို့နှင့် နီခြင်းတို့ကြောင့် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တက် ရောက်ရန်၊ ကျေးရွာပညာရေး တိုးတက်ရန် အလားအလာရှိသည်။
ကျန်းမာ ရေး • ကျန်းမာရေးတိုးတက်စေ သောအခြေအနေကောင်းများ	• အိမ်တိုင်း နီးပါးယင်လုံအိမ်သာသုံးစွဲခြင်းကြောင့် တကိုယ်ရေသန့်ရှင်း မှုနှင့် ကျန်းမာရေးတိုးတက်ကောင်း မွန်လာမည်။ • ကျေးရွာဆေးခန်းနှင့် သားဖွားဆရာမ ရှိသောကြောင့် မိခင်နှင့် ကလေး

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
	ငယ် များ ကျန်းမာစောင့်ရှောက်မှု အသင့်အတင့် လုံလောက်မှုရှိသည်။ • အရေးပေါ်ကိစ္စများအတွက် လွှိုင်ကော်သို့ သွားရောက်နိုင်ပြီး ၁၇.၆ ကီလိုမီ တာဝေးသည်။ ဆိုင်ကယ်၊ ထော်လာဂျီတို့ဖြင့် သွားလာနိုင်သည်။
ရေ အရင်းအ မြစ် • သောက်ရေရရှိနိုင်သော အခြေအနေကောင်း များ	• သောက်ရေကို ရေတွင်း (၅၀) တွင်းရှိပြီး အဝီစိတွင်း ၁ တွင်း၊ မိုးရေလှောင် ကန် ၂ ခု၊ စိမ့်စမ်းရေသွယ်ခြင်း ၁ ခု ရှိသည်။
လမ်း၊ တံတား • ကျေးရွာလမ်း၊တံတားများ တိုး တက်ကောင်း မွန်စေ သော အခြေအနေကောင်းများ	• ကျေးရွာချဉ်းကပ်လမ်းကို ၂၀၁၅ ခုနှစ်တွင်မြို့နယ်ကျေး လက်ဖွံ့ဖြိုးရေး ဦးစီး ဌာန၏ ပံ့ပိုးမှုဖြင့် ပြုပြင်ထားသည်။
လူငယ် နှင့် ယဉ်ကျေးမှု • လူငယ် ကဏ္ဍဖွံ့ဖြိုးတိုးတက်စေ သော အခြေ အနေကောင်းများ	• ကျေးရွာတွင် ကယန်းယဉ်ကျေးမှု ရိုးရာလူငယ်အဖွဲ့၊ ရိုး ရာတံခွန်တိုင် အဖွဲ့များဖွဲ့စည်းထားပြီး အပတ်စဉ်၊ လစဉ် ပုံမှန်လှုပ်ရှားမှုများရှိ သည်။ • နှစ်စဉ် နှစ်သစ်ကူးပွဲများတွင် လူငယ်များ အားကစား ပြိုင်ပွဲဝင်ရာတွင် ဆုများ ရရှိကြသည်။ • ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေး၊ နာရေးများတွင်လည်း တက်ကြွစွာ ပါဝင်လှုပ် ရှား ကြသည်။
လျှပ်စစ်မီးအခြေအနေ • လျှပ်စစ်မီးလင်းရေး အခြေအနေ ကောင်းများ	• ကျေးရွာမှ အလွန်စိတ်ဝင်စားမှုရှိပြီး ကျေးရွာအတွင်း ထရန်စဖော်မာ တပ် ဆင်ပြီး၊ ကျေးရွာမှ ၁၂၅ သိန်း အကုန်အကျခံ ဆောင်ရွက် နေပြီဖြစ်သည်။
ကျေးရွာတည်နေရာ အချက်အချာ ကောင်းမွန်ခြင်း • ကျေးရွာ၏ တည်နေရာကောင် းမွန်မှုနှင့် ပါတ်သက်၍ အခြေအနေ ကောင်းများ	• ကျေးရွာ၏ တည်နေရာသည် ဒီမောဆိုးနှင့်နီးပြီး လမ်းပန်းဆက်သွယ် ရေး၊ ဈေးကွက်အားလုံးကောင်းမွန်သည်။ လုပ်ကိုင်စား သောက်ရန် လယ်၊ ယာမြေများနှင့် ဆည်ရေအတွက် ကန်တော် ၇ ဆင့်အနက် အမှတ် ၁ နှင့် ၂ ကန်တို့နှင့် နီးသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါ ၎င်းကန်တော် ၇ ဆင့်သို့ နိုင်ငံခြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာနိုင်ခြေရှိ သည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
<u>**အဖွဲ့အစည်းဆိုင်ရာကဏ္ဍ**</u> ကျေးရွာတွင်းလက်ရှိအဖွဲ့အစည်း များ နှင့် ပါတ်သက်၍ အဟန့်အ တား ဖြစ်စေသော အခြေအနေ ကောင်းများ	• ကျေးရွာဖွံ့ဖြိုးရေးကိုစီမံချက်ဖြင့်စနစ်တကျဆောင်ရွက်သည့်အစီအစဉ် မရှိခဲ့ ခြင်း၊ • အဖွဲ့အစည်းဆိုင်ရာ အခြေခံသဘောတရားများအားသိကျွမ်းမှုအားနည်းခြင်း၊ • အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှု အားနည်းပြီး ဦးဆောင်မည့် အဖွဲ့ အစည်း မရှိသေးခြင်း။ • အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့်ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေး

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
	ခြင်းစသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။
<u>စိုက်ပျိုးရေး (သီးနှံ)</u> • သီးနှံထုတ်လုပ်မှုတိုးတက်မှုကို အဟန့်အတားဖြစ်စေသော အခြေ အနေများ	• ရွှေပြောင်းတောင်ယာ စနစ်ကိုကျင့်သုံးနေခြင်း၊ လယ်စပါးတွင် ဓါတ် မြေဩဇာကို အဓိကအသုံးပြုနေကြပြီး သဘာဝမြေဩဇာသုံးစွဲမှု နည်းသဖြင့် မြေဆီလွှာ ထိန်းသိမ်းမှု အားနည်းသည်။ • သစ်တောသီးနှံရော စိုက်စနစ်ထူထောင်နိုင်ပါက မြေဆီလွှာထိန်း သိမ်းမှုတိုးတက် ကောင်းမွန်လာမည်ဖြစ်သော်လည်း အရင်းအနှီးမ တတ်နိုင်ကြပါ။ • သွင်းအားစုများ အသုံးပြုရန် အရင်းအနှီးလုံလောက်မှုမရှိ။ လုံလောက် သော စိုက်ပျိုးစရိတ် ငွေချေးစနစ်မရှိ ကြပါ။ • အမှတ် ၂ ရေကန်မှာ တိမ်ကောနေသဖြင့် စိုက်ပျိုးရေ လုံလောက်စွာ မရနိုင်ကြ ပါ ။ • မြန်မာ့စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးကုမ္ပဏီများမှ နည်းပညာ သင်တန်းများ ပေးသော်လည်း နည်းပညာဝန်ဆောင်မှုလုံလောက်မှု မရှိခြင်း၊တောင်သူများမှလက်တွေ့ကျင့်သုံးမှုအားနည်းခြင်း တို့ကြောင့် ရောဂါနှင့်ဖျက်ပိုးများကို ထိရောက်စွာ ကာကွယ်နှိမ်နှင်းနိုင်ခြင်းမရှိ။ လုံလောက်သောနည်းပညာဝန် ဆောင် မှု မရကြပါ။
<u>မွေးမြူရေး</u> • မွေးမြူရေးတိုးတက်မှုကို အဟန့်အတား ဖြစ်စေသော အခြေ အနေများ	• မွေးမြူရေးချေးငွေမရရှိနိုင်ခြင်း။ • တိရစ္ဆာန်များတွင် နှစ်စဉ်ကျရောက်သော ရာသီရောဂါများကို တိမွေး ကုဉီးစီးဌာနမှ အချိန်မီကာကွယ်ခြင်း၊ကုသခြင်း၊ နည်းပညာဗဟုသု တများမရရှိသဖြင့် များစွာဆုံးရှုံးမှုရှိသည်။ ဝက်သားပေါက်ပါက အသေပျောက်များသည်။ မပြုစုတတ်ပါ ။ • အသားရောင်းချခွင့် လိုင်စင်မရှိခြင်း၊ လိုင်စင်ရရန် ခက်ခဲခြင်းတို့ ကြောင့်အသားငါးရောင်းချရာတွင် လိုင်စင်ရှိသူများ၏ ခေါင်းပုံဖြတ် မှုကို ခံကြရသည်။
<u>အခြားစီးပွားရေးလုပ်ငန်းများ</u> • ဝင်ငွေတိုးအသက်မွေးလုပ်ငန်း များတိုး တက်မှုကို အဟန့်အတား ဖြစ်စေသော အ ခြေအနေများ	• တောင်ယာလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်း ကျင်မှု အား နည်းခြင်း။ • ပုံမှန်အလုပ်အကိုင်မရှိ။ ပြင်ပနှင့် အဆက်အသွယ် နည်းပါးခြင်း။ • စိုက်ပျိုးရေးထွက်ကုန်အခြေပြုကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့်ဝန်ဆောင်မှု လုပ်ငန်း များ ဖွံ့ဖြိုးမှုမရှိခြင်း။ • မြေယာမဲ့နှင့်ဆင်းရဲသားမိသားစုများအတွက်ချေးငွေလက်လှမ်းမမီခြင်း အတိုး နှုန်းမြင့်မားခြင်း။
ချေးငွေ ဝန်ဆောင်မှု • ငွေကြေးဝန်ဆောင်မှု အဟန့်အတားများ	• ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကိုရယူနိုင် သော်လည်း ကာလတို ချေးငွေများဖြစ်ခြင်း၊ စပါးအပြင် အခြားသီးနှံ များနှင့်အခြား အသက်မွေးလုပ်ငန်းများအတွက် ချေးငွေဝန်ဆောင်မှု အစီအစဉ်မှာလည်း နိုင်ငံ၏ မူဝါဒများအရချေးငွေကို ခံစားခွင့်ရရှိ နိုင်ခြင်းမရှိသဖြင့် ဤကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်သော တောင်သူ များ၊ မွေးမြူရေးလုပ်သူများ၊ မြေယာမဲ့ကျပန်းများ၏ ဝင်ငွေတိုး လုပ်ငန်းများအနေဖြင့် လုံလောက်သော ချေးငွေကို လက်လှမ်းမှီရန်

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
	အခက်အခဲ ရှိနေဦးမည်ဖြစ်ပါသည်။
ပညာရေး • ပညာရေးတိုးတက်မှုကို အဟန့် အတားဖြစ်စေသော အခြေအနေ များ	• လက်ရှိ သောက်ရေသွယ်ယူရေးလုပ်ငန်းမှာ ဆက်လက်သွယ်ယူရန် အခြားရွာနှင့် အခက်အခဲရှိသည်။ သောက်ရေကို အခြားနေရာမှ သွယ်ယူရန် ရရှိနိုင် သော်လည်း ဆင်းရဲသောကြောင့် မတတ်နိုင်ကြပါ။ • လက်ရှိဆေးခန်းမှာလည်း ပျဉ်ထောင်အဆောက်အဦးဖြစ်ပြီး ဟောင်းနွမ်း ပျက်စီးနေသော်လည်း ရွာသူ/သားများမှာ ဆင်းရဲသောကြောင့် ပြုပြင်နိုင်ခြင်း မရှိပါ။
ကျန်းမာရေး • ကျန်းမာရေတိုးတက်မှုကို အဟန့် အတားဖြစ်စေသော အခြေအနေ များ	• လက်ရှိသောက်ရေ သွယ်ယူရေးလုပ်ငန်းမှာ ဆက်လက်သွယ်ယူရန် အခြားရွာနှင့် အခက်အခဲရှိသည်။ သောက်ရေကို အခြားနေရာမှ သွယ် ယူ ရရှိနိုင်သော် လည်း ဆင်းရဲသောကြောင့် မတတ်နိုင်နိုင်ကြပါ။ • လက်ရှိဆေးခန်းမှာလည်း ပျဉ်ထောင်အဆောက်အဦးဖြစ်ပြီး ဟောင်းနွမ်း ပျက်စီးနေသော်လည်း ရွာသူ/သားများမှာ ဆင်းရဲသော ကြောင့် ပြု ပြင်နိုင်ခြင်း မရှိပါ။
ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား • လူငယ်များဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်နေသော အခြေအနေများ	• အသက်မွေးလုပ်ငန်းများနှင့် အင်္ဂလိပ်စာ၊ကွန်ပျူတာကျွမ်းကျင်မှုအား နည်းခြင်း၊ အဆက်အသွယ် မရှိခြင်းကြောင့် လူငယ်များအနေဖြင့် သင့်တော်သော အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းနည်းပါးသည်။ • လူငယ်များ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် လူငယ်အသုံးအဆောင် ပစ္စည်းများ (ရိုးရာတီးဝိုင်းပစ္စည်း၊ရွာဘုံပစ္စည်းစသည်) သိမ်းဆည်းရန် အဆောက်အ ဦး သီး သန့်မရှိသဖြင့် အခက်အခဲများစွာ ရှိသည်။ • လူငယ်ရိုးရာယဉ်ကျေးမှုအဆို၊အကတီးဝိုင်းရှိသော်လည်း တူရိယာပြည့်စုံခြင်း၊ ခေတ်မီခြင်းမရှိသေးပါ။ • လူငယ်များအားကစားကို စိတ်ဝင်စားကြသော်လည်း အားကစားနှင့် ပါတ် သက်သော ပစ္စည်းများ ပြည့်စုံလုံလောက်မှုမရှိကြပါ။ • ကျေးရွာဓလေ့အရ ကျေးရွာတွင် အဖွဲ့အစည်းများ၊ ကော်မတီများဖွဲ့စည်းရာ တွင်လူငယ်များကို ပါဝင်ဖွဲ့စည်းလေ့မရှိခြင်း။
ကျေးရွာအတွင်းရှိအခြေခံအဆောက်အဦးများ • ကျေးရွာအခြေခံအဆောက်အဦးများတိုးတက်မှုကိုအဟန့် အတားဖြစ်နေသောအခြေအနေများ။	• လက်ရှိကုန်ထုတ်တံတားပျက်စီးနေသောကြောင့် မိုးရာသီတွင် သွားလာမှုခက် ခဲသည်။ အသစ်ဆောက်လုပ်ရန်မတတ်နိုင်ကြပါ။ • လက်ရှိကျေးရွာတွင်းလမ်းများမှာလည်း မြေသာလမ်းများဖြစ်သဖြင့် တနှစ် ပါတ် လုံးအသုံးပြုနေကြသော် လည်း မိုးရာသီတွင် သွားလာမှု အခက်အခဲရှိ သည်။
လျှပ်စစ်မောတ်အားသုံးစွဲ ရေး • ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးနှင့် ပါတ် သက်၍ အဟန့် အတား ဖြစ်နေသော အခြေအနေများ။	• ကျေးရွာမှ ကျပ်ငွေ သိန်း ၅၀၀ ထည့်ဝင်ရန်လိုအပ်သော်လည်း မတတ်နိုင်သောကြောင့် ထရန်စဖော်မာတပ်ဆင် ပြီးသော်လည်း လျှပ်စစ်မီးလက်လှမ်းမီနိုင်ခြင်းမရှိသေးပါ။

ဒေါ်တံငူးကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက် - ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
❖ **အဖွဲ့အစည်းဆိုင်ရာ စနစ်**					
• ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းကိစ္စများ အကောင်အထည်ဖော်ခြင်းနှင့်ဆုံးဖြတ်ချက်ချရာတွင် လူထု၏ပူးပေါင်းပါဝင်မှုအားနည်းသည်။ • လူထုအားလုံးနှင့်ဆိုင်သော လက်ရှိလူထုအဖွဲ့အစည်း များကြား စေးကပ်မှုနှင့် အပြန် အလှန် ဆက်သွယ်မှု အားနည်းသည်။	• လူမှုရေးနှင့် လူထုကိစ္စများတွင် ဒီမိုကရက်တစ် အလေ့အကျင့်များအတွေ့ အ ကြုံ မရှိသေး ခြင်း။ • ကျေးရွာဘက်စုံဖွံ့ဖြိုးရေး အစီအစဉ်များတွင်လည်း အတွေ့အကြုံမရှိသေး ခြင်း။ • ကျေးရွာတခုလုံးခြုံငုံသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးဆောင်မည့် အမာခံ အ ဖွဲ့အစည်း မရှိခြင်း။	• နိုင်ငံတော်အစိုးရ အစီစဉ်၊ NGOများ၏ ဖွံ့ဖြိုးရေးအစီအစဉ်တို့ကြောင့် ကျေးရွာလူထုတွင် အစုအဖွဲ့စနစ်၊စုဝေး တိုင်ပင်သည့် အလေ့အကျင့်များ ရှိနေခြင်း။	• ကျေးရွာရှိအဖွဲ့အစည်းများဖွံ့ဖြိုးရေး အတွက် စဉ်ဆက် မပြတ်အကူအညီပေးရေးစ နစ်မရှိသေးခြင်း။	• လက်တွေ့လုပ်ငန်းခွင်သင်တန်းများမှတစ်ဆင့်ကျေး ရွာ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုစွမ်းရည်အလေ့အကျင့်များနှင့်ဗဟုသုတ များ အတွက်နည်းပညာအကူအညီများရရန် ကျေးလက်ဖွံ့ဖြိုး ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ • ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းတည်ထောင်ခြင်း။ • လက်ရှိကျေးရွာရှိအဖွဲ့အစည်းများနှင့်ကျေးရွာဖွံ့ဖြိုး ရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရ စီမံခန့်ခွဲမှုစွမ်းရည်တည်ဆောက်ခြင်း။	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့်အခြားအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်တည်ဆောက်ခြင်း။ • ကျေးရွာ ဖွံ့ဖြိုး ရေးကော်မတီ ဖွဲ့စည်းခြင်း။ • အဖွဲ့အစည်းဆိုင်ရာနည်းစနစ်။ • ဒီမိုကရက်တစ်အုပ်ချုပ်မှု၊ အမြင်ကြည်လင် မှုနှင့် တာဝန်ခံမှု။ • မတူခြားနားသည့်ကော်မတီများအကြားပေါင်းစပ်ညှိနှိုင်းမှုနှင့် ချိတ်ဆက်ဆောက် ရွက်ခြင်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
❖ **စိုက်ပျိုးရေး**					
လယ်အတွက်စိုက်ပျိုးရေလုံ လောက်မှုမရှိ	• ရေကန်အမှတ် ၂ မှ ရေကို စပါးစိုက်ပျိုးရေ အတွက်အသုံးပြုနေရာယခုအခါရေကန်မှာတိမ်ကောနေပြီးဖြစ်သည်။	• ရေကန်ကို ပြုပြင်ပါကစိုက်ပျိုးရေအလုံလောက်ရရှိလာနိုင်မည်၊	• အရင်းအနှီးမတတ်နိုင်ကြပါ။	• ငွေကြေးအရင်းအနှီးလက်လမ်းမီရန် ဖွံ့ဖြိုးရေးအဖွဲ့များ၊ဆည်မြောင်းဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်မည်။	• ရေကန်အမှတ်(၂) တိုးချဲ့ပြုပြင်ခြင်း။
စိုက်ပျိုးရေးအတွက် အရင်းအနှီးနည်းပါးခြင်း၊ ချေးငွေမလုံလောက် ခြင်း။	• အရင်းအနှီးနည်းသဖြင့်အချိန်မီစိုက်ပျိုးနိုင်ခြင်းမရှိ။ • သွင်းအားစုများကိုလိုသလောက်သုံးစွဲနိုင်ခြင်းမရှိ၊စက်ကရိယာလုံလောက်မှုမရှိ။	• စိုက်ဘဏ်ငွေချေးစနစ်ကိုတောင်သူများနှင့် ကိုက်ညီသောစည်းမျဉ်းစည်းကမ်းများချမှတ်ဆောင်ရွက်သင့် သည်။	• အရင်းအနှီးနှင့်နည်းပညာ အားနည်းသည်။	• အရင်းအနှီးနှင့်နည်းပညာဝန်ဆောင်မှုလက်လှမ်းမီရေးအခြေနေဖန်တီးရန်၊	• ငွေကြေးအရင်းအနှီးထူထောင် ခြင်း
တောင်ယာစိုက်ပျိုးစနစ်အားနည်းမှုကြောင့် သီးနှံအထွက်နှုံးနည်း သည်။	• ရွှေပြောင်းတောင်ယာစနစ်ကြောင့်မြေဆီ သြဇာဆုတ်ယုတ်လာခြင်း၊သစ်တောပြုန်းတီးခြင်း၊ ရာသီဥတုဖေါက်ပြန်ခြင်း၊မိုးခေါင်ခြင်းတို့ကြောင့်သီးနှံအထွက် နှုန်း နည်းခြင်း၊ • အမြဲတမ်းစိုက်ဧရိယာတိုးချဲ့ရန် အရင်းအနှီးမရှိ။	• ခေတ်မီတောင်စောင်းစိုက် ပျိုးစနစ်ထူထောင်ခြင်း၊အမြဲတမ်း နှစ်ရှည်ပင်စိုက်ပျိုးပါကပြန်လည်ကောင်းမွန်လာမည်။ • နှစ်ရှည်ပင်စိုက်ပျိုးရန်ရေ၊မြေ၊ ရာသီဥတု သင့်တော်သည်။ မျိုးအလွယ်တကူဝယ်ယူရရှိနိုင်သည်။	• နည်းပညာနှင့်ငွေကြေးဝန်ဆောင်မှု အကူအညီရရှိရန် လက်လှမ်းမီမှု လိုအပ် ခြင်း • အဆက်အသွယ်နှင့်အချိတ်အဆက် အားနည်း သည်။	• ကျွမ်းကျင်သူများနှင့် အလွယ်တကူချိတ်ဆက်ပြီးသင်တန်းများ ပံ့ပိုးပေးရန် လိုအပ်သည်။ • ငွေကြေးအရင်းအနှီးရရှိရန် အခြေအနေများဖန်တီးခြင်း၊ ချိတ်ဆက်ဆောင်ရွက်	• တောင်ယာစိုက်ခင်းကွက်များဖော်ထုတ်ခြင်း • သစ်တော-သီးနှံရောနှော စိုက်ခင်း • ဥယျာဉ်ခြံသီးနှံစိုက်ခင်း (သံပရာ-လိမော်-ငှက်ပျော) • တောင်ယာစိုက်ခင်းနည်းပညာ • သံပရာ-လိမော် စိုက်ခြင်းသင် တန်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
		• နည်းပညာပံ့ပိုးပေးနိုင်သောဒေသအတွင်းစိုက်ပျိုးရေးဌာနနှင့် အခြားဖွံ့ဖြိုးရေးအဖွဲ့များရှိနေခြင်း။		ခြင်းတို့ ပြုလုပ်မည်။	
လယ်စပါးထုတ်လုပ်နိုင်မှုနည်းသည်။	• လက်ရှိစပါးစိုက်ပျိုးနည်း အားနည်းခြင်း၊ • ပိုးသတ်ဆေး၊ဓါတ်မြေဩဇာများ အလွန်အကျွံသုံးစွဲ ခြင်း။ • လယ်ယာသုံးစက်ကရိယာ ပြည့်စုံလုံလောက်မှု မရှိ ခြင်း။	• နည်းပညာဝန်ဆောင်မှုပေးသော မြန်မာစိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ဒေသအတွင်းရှိသည်။	• ချိတ်ဆက်ဆောင်ရွက်မှု အား နည်းသည်။	• နည်းပညာဝန်ဆောင်မှုပေးသောမြန်မာစိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။	• မြေဆီလွှာထိန်းသိမ်းနည်းသင်တန်း • စပါးစိုက်ပျိုးခြင်းနည်းပညာ၊ • ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ဓာတ်မြေဩဇာသုံးစွဲနည်းသင်တန်း • မျိုးစေ့အရည်အသွေးနှင့်ရိတ်သိမ်းချိန်လွန်နည်းပညာသင် တန်း၊
နှမ်းစိုက်ပျိုးထုတ်လုပ်မှု မရှိခြင်း။	• နှမ်းစိုက်ပျိုးသည့်အလေ့အထနှင့်အတွေ့အကြုံမရှိ သေးပါ။	• နှမ်းစိုက်ပျိုးနည်အတွေ့အကြုံနှင့် နည်းပညာကိုမြန်မာစိုက်ပျိုးရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့များထံမှရရှိနိုင်သည်။	• အချိတ်အဆက်အား နည်းသည်။ • အတွေ့အကြုံနှင့်နည်းပညာ မရှိကြပါ။	• နည်းပညာနှင့် အတွေ့အကြုံရရှိရန် စမ်းသပ်ကွက်များပြုလုပ်ပေးခြင်းဖြင့်ရရှိနိုင်သည်။	• နှမ်းစမ်းသပ်စိုက်ပျိုးခြင်း
❖ **တိရစ္ဆာန်မွေးမြူရေး**					
• မွေးမြူရေးမှဝင်ငွေနှင့် အကျိုးအမြတ်နည်းခြင်း။	• မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန် ရင်းနှီးငွေမတတ်နိုင်ခြင်း၊	• အိမ်မွေးတိရိစ္ဆာန်မွေးမြူရန်မြေနေရာ၊ အစာနှင့်ရေရရှိခြင်း၊ • မွေးမြူရန်သီးနှံများ	• နည်းပညာနှင့်ငွေကြေးဝန်ဆောင်မှုများရရှိရေး အစီအစဉ်နှင့်အချိတ်အဆက်အားနည်းခြင်း။	• တိရစ္ဆာန်မွေးမြူထုတ်လုပ်မှုစနစ်တကျတိုးတက်ရန်အခြေနေကောင်းများဖန်တီး	• မွေးမြူရေး (ကြက်၊ ဝက်၊နွား) • မွေးမြူရေးသင်တန်း • တိမွေးကုမ္ပဏီးမံသင်တန်း

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	• တိရစ္ဆာန်ထွက်ကုန်များရောင်းချရာတွင် ဈေးနှိမ်ခံရ ခြင်း၊ • နည်းပညာဗဟုသုတ နည်း ပါးခြင်း	ရိတ် သိမ်းပြီးချိန်တွင် စားကျက်များစွာရှိခြင်း • ဈေးကွက်အလုံအလောက်ရှိ ခြင်း။	• သားသတ်လိုင်စင်အခက်အခဲကြောင့်ဈေးနှိမ်ခံရခြင်း • စီးပွါးဖြစ်မွေးမြူရန် အတွေ့အကြုံနှင့်ဗဟုသုတအားနည်းခြင်း။	ပေးခြင်း ○ ငွေကြေးဝန်ဆောင်မှုလက် လှမ်းမီရေး ○ နည်းပညာဝန်ဆောင်မှု လက် လှမ်းမီရေး ○ ဈေးကွက်နှင့်သယ်ယူပို့ ဆောင် ရေး ○ မွေးမြူရေးဆေးဝါးအလွယ် တကူရရှိရန်။	
❖ **လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းများ**					
• လယ်ယာလုပ်ငန်းမဟုတ်သောဝင်ငွေတိုးလုပ်ငန်း လုပ်ငန်းလုပ်ကိုင်နိုင်ရန် အခွင့်အလမ်း၊ နည်းပညာနှင့်ဝင်ငွေနည်းပါးသည်။ ပုံမှန်ဝင်ငွေ မရှိ။	• အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှုအားနည်း။ • အလုပ်အကိုင်အခွင့်အလမ်းနည်းသည်။ • အရင်းအနှီးနည်းပါးသည်။ • မြို့တက်၍သင်တန်းများရယူရန်နေထိုင်ရေး၊စားစရိတ်များမတတ်နိုင်ခြင်း။	• လမ်းပန်းဆက်သွယ်ရေးအသင့်အတင့် ကောင်းမွန်သည်။ • လုပ်သားအင်အားနှင့် ဒေသထွက်ကုန် အသင့်အတင့် ရှိ သည်။ • ဈေးကွက်နှင့် နီးသည်။	• အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကျွမ်းကျင်မှုတိုးတက်ရေးအတွက်စီမံကိန်းများမရှိခြင်း၊ • လေ့လာသင်ယူရန်အဆက်အသွယ်နှင့် အရင်းအနှီးမ ရှိ။ • သင့်တော်သောအတိုးနှုံးဖြင့်ဆင်းရဲသားများအတွက်ငွေချေးစနစ် မရှိခြင်း။ • အလုပ်အကိုင်အခွင့်အလမ်း နည်းခြင်း။	• ဝင်ငွေရလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်မည့်ပတ်ဝန်းကျင်အခြေနေဖန်တီးခြင်း ○ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ○ နည်းပညာနှင့်ငွေကြေးဝန်ဆောင်မှုများ ○ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း။	• ချေးငွေအရင်းအနှီး (စိုက်-မွေး-ကျပန်း) • ရိုးရာယက်ကန်းလုပ်ငန်း • အုတ်ရိုက်စက် • အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကျွမ်းကျင်မှုတိုးတက်ရေးသင်တန်းများ ○ ပန်းရံ၊လက်သမားသင်တန်း ○ ဝပ်ရှော့စက်ပြင်သင်တန်း ○ ယဉ်မောင်းသင်တန်း (ဘက်ဖို့

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
					○ အနုပညာသင်တန်း ○ စက်ချုပ်သင်တန်း ○ ယက်ကန်းသင်တန်း ○ ဆံပင်ညှပ်သင်တန်း
❖ **ကျန်းမာရေး**					
• ကျန်းမာရေးဝန်ဆောင်မှုနှင့်ဗဟုသုတ နည်းသေးသည်။ • ဆေးခန်းအဆောက်အဦးနှင့်သောက်ရေပြည့်စုံကောင်း မွန်မှုမရှိ။	• ကျေးရွာတွင်ဆေးခန်းနှင့်သားဖွားဆရာမရှိသော်လည်းဆေးခန်းမှာ ပျက်စီးနေသည်။ • လက်ရှိရေသွယ်ယူရေးမှာလည်းကြားရွာ၏နှောက် ယှက်ဖျက်ဆီးခံရမှုကြောင့် ရေမရပါ။ • နည်းပညာပေး ဗဟုသုတဝန်ဆောင်မှုမရကြပါ ။	• လက်ရှိ အစိုးရခွင့်ပြုချက်ရကျေးရွာဆေးခန်းရှိသည်။ • ရေသွယ်ယူနိုင်သောနေရာသစ်နှင့်ပိုက်အဟောင်းများကိုပြန်လည်အသုံးပြုနိုင် မည်။ • ကျန်းမာရေးသင်တန်းပေးနိုင်သောအစိုးရဌာနနှင့်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများရှိ သည်။	• ဆေးခန်းနှင့် သောက်ရေသွယ်ယူရန်အရင်းအနှီး မရှိ။ • သင်တန်းတက်ရောက်ရန်အဆက်အသွယ် မရှိ။	• နည်းပညာ၊ အရင်းအနှီးနှင့် အဆက်အသွယ်များ ဖန်တီး ပေးခြင်း။	• ဆေးခန်းအသစ်ဆောက်လုပ် ခြင်း • ရေကောင်းရေသန့်ရရှိရန်ရေသွယ်ခြင်း (၉၀၀၀၀ပေ) • ကျန်းမားရေးအသိပညာပေး သင်တန်း • ကျန်းမာရေးအရန်သားဖွား သင်တန်း
❖ **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား**					
• လူငယ်များဖွံ့ဖြိုးတိုးတက်မှု အားနည်းသည်။	• အသက်မွေးပညာနှင့်အတန်းပညာတတ်နည်းပါးခြင်း • လူငယ်ဖွံ့ဖြိုးရေးအတွက်အားကစား၏အရေးပါမှုကိုအလေးထားမှုအားနည်းခြင်း၊ အားကစားပစ္စည်းလုံ	• လူငယ်အချို့ဖုန်းအင်တာနက်လက်လှမ်းမီအသုံးပြု နိုင်သည်။ • လူငယ်များသာရေး၊ နာရေးကိစ္စများအတွက်အစည်းအဝေး ကျင်းပလေ့ရှိသည်။ • ရိုးရာစာပေ၊ယဉ်ကျေးမှု	• လူငယ်များစားဝတ်နေရေးအလုပ်လုပ်ရသောကြောင့်အားလပ်ချိန်နည်းသည်။ ဝင်ငွေနည်းသည်။ • ပညာတတ်နည်းသည်။ • အလုပ်အကိုင် အခွင့်အလမ်း နည်းသည်။	• နည်းပညာနှင့်အရင်းအနှီးများလက်လှမ်းမီရန်အခြေအနေနှင့် အချိတ်အဆက်များ ဖန် တီးပေးခြင်း။	• ကယားစာပေယျဉ်ကျေးမှု လူငယ်တီးဝိုင်းအဖွဲ့ • လူငယ်ရိပ်သာဆောက်လုပ် ခြင်း • အနုပညာသင်တန်း • အားကစားပစ္စည်း (ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ခြင်းလုံး

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	လောက်မှုမရှိ။ • ရိုးရာတီးဝိုင်းရှိသော်လည်းတူရိယာပြည့်စုံမှု မရှိ။ • လူငယ်များလူမှုရေး၊ သာရေးနာရေး၊အားကစား၊ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြသော်လည်းအစည်းအဝေးကျင်းပရန် နေရာသတ် သတ်မှတ်မှတ် မရှိ။	နှင့်အနုပညာကို ထိန်းသိမ်းကြ သည်။	• သင်တန်းများတက်ရောက်ရန် အဆက်အသွယ်နှင့်အ ရင်းအနှီးမတတ်နိုင်ကြပါ။		စသည်) • ကွန်ပျူတာ၊အင်္ဂလိပ်သင်တန်း • အမျိုးသမီးကာကွယ်စောင့်ရှောက်မှုသင်တန်းနှင့် အဖွဲ့
❖ **ကျေးရွာ အခြေခံ အဆောက်အဦးများ**					
• ကုန်ထုတ်လမ်းမကောင်းမိုးတွင်း သွားလာရာတွင် အ ခက်အခဲရှိသည်။	• လက်ရှိကုန်ထုတ်လမ်းနှင့် တံတားမှာ အလွန်ဟောင်းနွမ်းပျက်စီးနေ သည်။	• ဒေသထွက်ကုန်များရှိပြီးနေ့စဉ်ပုံမှန်သွားလာမှုများရှိနေ သည်။ • ဒေသထွက်သဲ၊ကျောက်များရှိသည်။	• ကုန်ထုတ်လမ်းနှင့် တံတားဆောက်လုပ်ရန် အရင်းအနှီးနှင့်နည်းပညာမ ရှိ။	• ကုန်ထုတ်လမ်းနှင့် တံတားများအဆင့်မြှင့်တင် ခြင်း	• ကုန်ထုတ်လမ်းနှင့်တံတားများဆောက်လုပ်ခြင်း
❖ **လျှပ်စစ်စွမ်းအင်**					
• လျှပ်စစ်မီး လက်လှမ်းမမီသေးပါ။	• ကျေးရွာမှ ၁၂၅ သိန်းထည့်ဝင်ပြီးဖြစ်သော်လည်းအစိုးရမှ သိန်း ၅၀၀ထည့်ဝင်ရမည်ဖြစ်သဖြင့်ကျေးရွာမှ	• အစိုးရလျှပ်စစ်ဓါတ်အားလိုင်းနှင့်လက်လှမ်းမီသည်။ • လျှပ်စစ်မီးတိုင်နှင့် ထရန်စဖော်မာများ	• ငွေအရင်းအနှီး မတတ်နိုင်ကြပါ။ အဆက်သွယ်အားနည်း သည်။	• သက်ဆိုင်ရာ အစိုးရဌာနများနှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း။	• လျှပ်စစ်မီး တပ်ဆင်ခြင်း။

ပြဿနာ	အကြောင်းအရင်း	ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
	ဆင်းရဲသောကြောင့် မတတ်နိုင် ကြပါ။	တပ်ဆင်ပြီးဖြစ် သည်။ • ကျေးရွာမှတက်ကြွစွာ ပူး ပေါင်းဆောက်ရွက် မှုကောင်း သည်။			

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ပုလောမြို့နယ်၊ ဒေါ့တံငူးကျေးရွာတွင် ၂၀၁၅ ဇူလိုင်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှ မှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ……..(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ –၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ